# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၃) ရက် ၊ အင်္ဂါနေ့ ၊ (3-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနားအစီအစဉ်အလိုက် အကြိုပြင်ဆင်ဆောင်ရွက်နေမှု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲအခမ်းအနားအစီအစဉ်အလိုက် အကြိုပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂ ယနေ့တွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ပြိုင်ပွဲများကိုသက်ဆိုင်ရာ အားကစားရုံနှင့် အားကစားကွင်းများ၌ စတင်ယှဉ်ပြိုင်လျက်ရှိရာ ဝန်ကြီးဌာနအဆင့် အလွတ်တန်းဘောလုံးပြိုင်ပွဲကို ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်းအားကစားကွင်း၌လည်းကောင်း၊ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် U-21အမျိုးသားဘောလုံးပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း အမှတ်(၃)၊ (၄)တို့တွင်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် U-25 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ်ကွင်းတို့တွင်လည်းကောင်း၊ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိဖူဆယ်ရုံ၌လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌လည်းကောင်း အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ

စာမျက်နှာ ၁၆ ကော်လံ ၁

**၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင် ဖြစ်လာတော့မည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်**

ဆောင်းပါး စာမျက်နှာ- ၁၉

**နိုင်ငံတကာရုပ်ရှင်ဆုတံဆိပ် ၁၁ ဆုရရှိထားသည့် မေတ္တာရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလ ဒုတိယပတ်တွင် ရုံတင်ပြသမည်**

စာမျက်နှာ- ၁၁

**"Kaiser" လိပ်ပြာပုံ ငွေကျပ် ၂၀၀ တန် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်**

စာမျက်နှာ- ၁၉

**ထူးခြားသည့် ညအပူချိန်များ** (၂-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |




ရတနာပုံ
၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# မသန်စွမ်းသူများ၏ခေါင်းဆောင်မှုအခန်းကဏ္ဍ မြင့်မားလာစေရေး

၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ကျင်းပခဲ့သော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်ဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယနေ့သည် ၃၁ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ဖြစ်ပြီး ယခုနှစ် ဆောင်ပုဒ်မှာ"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"ဟူ၍ ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုပိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှအခွင့်အရေးရရှိရေး ကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးထားဂရုပြုတတ်စေရန် ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကျင်းပလျက်ရှိသည်။

လူသားများအနေဖြင့် မသန်စွမ်းသောအဖြစ်မျိုးကို မလိုချင်ကြသော်လည်း အခြေအနေ၊ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသည့်အဖြစ်သို့ရောက်ရှိကြရခြင်း ဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းသူကို သန်စွမ်းသူများက လူသားချင်းစာနာစိတ်ဖြင့် ဖေးမကူညီကြရပေမည်။ ၂၀၁၄ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ မသန်စွမ်းသူများဖြစ်သဖြင့် ထိုမျှများပြားလှသော မသန်စွမ်းလူဦးရေကို နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးဝင်သောလူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက မသန်စွမ်းသူများ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ သင်ကြားနိုင်ရန် စာသင်ကျောင်းများဖွင့်လှစ်ထားပြီး အမြင်အာရုံမသန်စွမ်းသူများအတွက် လက်စမ်းစာ၊ အကြားအာရုံမသန်စွမ်းသူများအတွက် သင်္ကေတစာများဖြင့် စာပေပညာများကို သင်ကြားပို့ချပေးလျက်ရှိသည်။ ထို့ပြင် အဆို၊ အတီး၊ အမှုတ်ပညာများကိုလည်း စနစ်တကျသင်ကြားပေးလျက်ရှိခြင်းကြောင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများနှင့် အခြားအနုပညာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်၍ ဆုများဆွတ်ခူးနိုင်ခဲ့သည့် မသန်စွမ်းသူများ၏စွမ်းဆောင်နိုင်မှုများမှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်မှုရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေနှင့်အတူ မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် မသန်စွမ်းသူများ၏ ကျန်းမာသန်စွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှုများ မြင့်မားလာစေရန် အားပေးမြှင့်တင်ကြရမည်ဖြစ်သည်။ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ကို အားကစားဖြင့်မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးပင်ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင်မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားသမားများအတွက် အားကစားနည်း လေးမျိုးထည့်သွင်းထားကြောင်း သိရသည်။ ထို့ပြင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၊ အာရှမသန်စွမ်းအားကစားပြိုင်ပွဲများတွင်လည်း မသန်စွမ်းအားကစားသမားများ၏ နိုင်ငံဂုဏ်ဆောင်စွမ်းဆောင်ချက်များမှာ လေးစားချီးကျူးဖွယ်ရာဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် မသန်စွမ်းသူများ၏ လူမှုဘဝမြင့်မားရေး၊ စိတ်ချမ်းသာပျော်ရွှင်ရေး၊ နိုင်ငံ့တာဝန်များကို တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးခြင်းများဖြင့် အနာဂတ်လူ့အဖွဲ့အစည်းတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍမြင့်မားလာမည်ဖြစ်သည်။ သို့ဖြစ်ရာ မသန်စွမ်းသူများအနေဖြင့်လည်း သိမ်ငယ်စိတ်၊ အားငယ်စိတ်မဝင်ဘဲ မိမိဘဝကို ပုံဖော်ကြရမည်ဖြစ်သကဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများကလည်း မသန်စွမ်းသူများကို စာနာစိတ်ဖြင့် ဝိုင်းဝန်းဖေးမကာ အနာဂတ်ရေရှည်တည်တံ့သော ကမ္ဘာကြီးတည်ဆောက်ရာတွင် မသန်စွမ်းများ၏အခန်းကဏ္ဍကို မြှင့်တင်ကူညီပံ့ပိုးပေးကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် မြေထောက်ပဲ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိ



**မန္တလေး ဒီဇင်ဘာ ၂**

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ကုလားပဲနှင့် မြေထောက်ပဲ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ကုလားပဲနှင့် မြေထောက်ပဲအမျိုးအစားမှာ ပြည်တွင်းဈေးကွက်အတွင်း ယခင်လက အရောင်းအဝယ်မှာ ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင်ကုလားပဲနှင့် မြေထောက်ပဲအမျိုးအစားများကို ကုန်သည်များဝယ်ယူမှုပြန်လည်များပြားလာပြီး အရောင်းအဝယ်မှာလည်း ပြန်လည်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့ မြေထောက်ပဲတွေ အရောင်းအဝယ် ပြန်ဖြစ်နေတဲ့အပြင် တခြား ပြောင်း၊ ဂျုံ၊ တရုတ်ပဲကြီး စတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ် ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပဲတီစိမ်း စတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ် ဖြစ်နေပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ V2 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ကုလားပဲ V7သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ကုလားပဲ TW သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ ကုလားပဲ 929 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ပဲ၊ နှမ်းဈေးကွက်အနေအထားအရ မြေထောက်ပဲမှာလည်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး ယနေ့ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းနက်(စမုန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ဖ၈၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၃၀၉ ဧက စိုက်ပျိုးမည်

**ပုသိမ် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၃၀၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၃၀၉ ဧကကို ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ကြီးထောင့်မြို့နယ်မှာ စားဖိုဆောင်သီးနှံ ၂၃၀၉ ဧက လျာထားစိုက်ပျိုးမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ သက်ဆိုင်ရာဌာနအသီးသီးကလဲ သီးနှံတွေ စိုက်ပျိုးနိုင်ဖို့ လိုအပ်သလိုချိတ်ဆက် ကူညီပေးနေပါတယ်"ဟု ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် နှစ်စဉ် စပါးအပြင် စားဖိုဆောင်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် စားဖိုဆောင်သီးနှံ ၂၃၀၉ ဧက စိုက်ပျိုးရာတွင် နံနံ၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ မုန်လာ၊ ပိန်း၊ ဂေါ်ဖီထုပ်၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါး၊ ရုံးပတီ စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ဧက ၃၀၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၃၀၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၉၀ နှင့် ဖူးစားပြောင်း ဧက ၃၂၄၀ စုစုပေါင်း ဧက ၃၃၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၆၅ ဧကနှင့် ဖူးစားပြောင်း ၃၀၀၅ ဧက စုစုပေါင်း ဧက ၃၀၇၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၃၃၃၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇီးကုန်းမြို့နယ် ညောင်ပင်ဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း စစ်ဆေး

**ဇီးကုန်း ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ဘိုရွာသစ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ညောင်ပင်ဘိုရွာသစ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်ရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း၊ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ကူဖြူကျေးရွာအုပ်စု ညောင်ပင်ဘိုကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်စနစ်သုံးရေတင်ပန့် တပ်ဆင်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၁၀၀၀ ရှိ ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၁၇၅ သန်းဖြင့် ပျူတိုင်းသားကုမ္ပဏီကတာဝန်ယူ၍ ဇွန်လ ၁၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၆ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ကိုဖြိုးသူရကျော်-မဝင့်သီရိအောင်တို့က ဖခင် ဦးနေမျိုးအောင်အားရည်စူး၍ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၃၅၀၀၀၀နှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၈၉၆၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကောလင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၈၉၆၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၂၆၇၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၂၆၄၆၅ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၂၅၀၄ ဧက စုစုပေါင်း ၂၈၉၆၉ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၈ ဒသမ ၅၂တင်းထွက်ရှိကြောင်းသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ စပါး ၁၉၂၆၇၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၈၉၆၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ အထွက်နှုန်း ကောင်းမွန်စေရန်၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းထံမှ သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လင်းခေး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့များ ကိုယ်တိုင်ရေးသွင်းထားသော စာရင်းဇယားပုံစံများ မှန်ကန်မှု ရှိ၊ မရှိကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၃၅သန်းထုတ်ချေးပေးထားကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# ပန်းတနော်မြို့နယ်တွင် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက်ပီလောပီနံ့ဥများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် နိုဝင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက်ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံ့ဥများ ထွက်ရှိနေချိန်ဖြစ်ပြီး ပီလောပီနံ့ဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

''ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေက ပီလောပီနံ့ဥ အမျိုးအစားနှစ်မျိုးလုံးကို စိုက်ပျိုးတာတွေ့ရပါတယ်။ လက်ရှိတောင်သူတွေ စိုက်ထားတဲ့ ပီလောပီနံ့ဥတွေ စတင်ထွက်ရှိနေတဲ့ အချိန် ဖြစ်ပါတယ်။ အခုလို ပီလောပီနံ့ဥတွေထွက်ရှိနေပြီး အရောင်းအဝယ်ကောင်းမွန်နေတာကြောင့် ပီလောပီနံ့စိုက်တဲ့ တောင်သူတွေ အဆင်ပြေလာပါတယ်။ ပန်းတနော်မြို့နယ်ကနေ ထွက်ရှိတဲ့ ပီလောပီနံ့ဥတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ ဒေသကထွက်ရှိတဲ့ ပီလောပီနံ့ဥတွေကို ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူမှုတွေရှိပါတယ်''ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံ့ဥ အပါအဝင် အခြား ရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ ပီလောပီနံ့ဥကို တောင်သူတစ်ဦးလျှင် တစ်ဧကမှငါးဧက စိုက်ပျိုးကြကြောင်း၊ ပီလောပီနံ့ဥ တစ်ဧကလျှင် လက်ရှိတွင် အထွေထွေစိုက်ပျိုးစရိတ် ငွေကျပ် ၃၇၀၀၀၀ ထိ ကုန်ကျစရိတ်ရှိပြီး အကျိုးအမြတ်အနေဖြင့် အဆိုပါ ပီလောပီနံ့ဥများ အပျက်အစီး အလေအလွင့်မရှိပါက ငွေကျပ် ၉၀၀၀၀၀ ခန့်ထိ ရရှိကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း-၁၅)

ပါမောက္ခကိုကိုအောင်

စိုက်ပျိုးတောင်သူတို့အနေဖြင့် မြေဆီလွှာထဲတွင် အပင်များက အသုံးပြုနိုင်သော ရေပမာဏအတိုင်း အနီးစပ်ဆုံးရှိနေအောင် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ အသင့်လျော်ဆုံးရေချိန်ဟု ခေါ်ဆိုသော မှန်ကန်သည့် ရေပမာဏသည် မြေဆီလွှာအတွင်းရှိ သဘာဝလုပ်ငန်းဆောင်တာများအတွက် အကောင်းဆုံး အနေအထားပင်ဖြစ်သည်။ မြေဆီလွှာအတွင်း၌ သင့်လျော်သော ရေပမာဏရှိနေခြင်းသည် မြေဆီလွှာကို ပိုမို ပွယောင်းလာစေပြီး မြေတွင်းဓာတ်ပြောင်းလဲမှုနှင့် ဇက်တီးရီးယားတို့၏ လုပ်ငန်းဆောင်တာများကိုလည်း ပိုမိုလျင်မြန် သွက်လက်စေမည်ဖြစ်သည်။ ဆက်စပ်ကောင်းကျိုးအဖြစ် ကောက်ပဲသီးနှံများကလည်း ပိုမိုဖြစ်ထွန်းအောင်မြင်လာလိမ့်မည် ဖြစ်သည်။

စိုက်ပျိုးတောင်သူတို့အဖို့ မြေဆီလွှာအတွင်း၌ အသင့်လျော်ဆုံး ရေချိန်ရရှိစေရန်အတွက် တစ်ချိန်တည်းတွင် လုပ်ဆောင်ကြရမည့် နည်းလမ်းနှစ်သွယ်ရှိသည်။ ပထမနည်းလမ်းမှာ ရေလွှတ်များ စီးထွက်သွားအောင် မြောင်းဖောက်ပေးခြင်းဖြစ်ပြီး၊ ဒုတိယနည်းလမ်းကမူ အပင်များက အသုံးပြုနိုင်သော ရေမြေးများ ယုတ်လျော့သွားသည့်အခါ ရေလောင်းပေးခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ရေလွှတ်ရေပိုများကို ထုတ်ပစ်ခြင်းနှင့် ရေမြေးများ ပမာဏယုတ်လျော့ဆုံးရှုံးခြင်းမှ ကာကွယ်ခြင်းပင်ဖြစ်သည်။

ရေလွှတ်ရေပိုများသည် မြေဆီလွှာအတွင်းသို့ အောက်ဆီဂျင် ဝင်ရောက်နိုင်ခြင်းမရှိစေရန် လေဝင်လမ်းကြောင်းများကို ပိတ်ဆို့ထားခြင်းဖြင့် အပင်များအတွက် မလိုလားအပ်သော အခြေအနေတစ်ရပ်သို့ ရောက်ရှိစေသည်။ ထိုကဲ့သို့သောအခြေအနေမျိုးအထိ ရောက်ရှိမသွားစေရေးအတွက် အကောင်းဆုံးသော နည်းလမ်းက ရေပိုထုတ်ပစ်ခြင်းပင်ဖြစ်သည်။ ကမ္ဘာ့ထိပ်တန်း စိုက်ပျိုးရေးနိုင်ငံများ၌ ရေပိုထုတ်ရန်အတွက် အသုံးအများဆုံးသော နည်းလမ်းမှာ အုတ်ကြွပ်ပိုက်များချ၍ ရေထုတ်ခြင်းဖြစ်သည်။ ထိုနည်းလမ်းမှာ ရေလွှတ်ရေပိုထုတ်ပစ်ခြင်းအတွက် အကောင်းဆုံးသောနည်းလမ်းတစ်ရပ်လည်းဖြစ်သည်။

အဆိုပါ ကမ္ဘာ့နိုင်ငံကြီးများ၌ အသုံးပြုနေကြသော ရေပိုထုတ်အုတ်ကြွပ်ပိုက်မှာ အလုံးနှင့် ခြောက်ထောင့် ပုံသဏ္ဌာန်ရှိ ပိုက်များဖြစ်ကြပြီး၊ အလျားက တစ်ပေမျှသာရှိသည်။ အုတ်ကြွပ်ပိုက်ထိပ်ဝအချင်းကမူ စိုက်ခင်း၏ အနေအထားပေါ်မူတည်ပြီး ၃ လက်မမှ ၁၅ လက်မထိ ရှိကြသည်။ အုတ်ကြွပ်ပိုက်မချမီ စိုက်ခင်းထဲတွင် ရေထုတ်ပစ်မည့် အရပ်မျက်နှာဆီသို့ ရှေ့ရှုသည့် ဆင်ခြေလျှော နိမ့်ဆင်းသွားသည့် မြောင်းရှည်ကို ထွန်ကြောင်းအောက်အနည်းငယ် နက်အောင်တူးရမည်ဖြစ်သည်။ အဆိုပါ ရေမြောင်းတစ်လျှောက်တွင် အလျား တစ်ပေ စီရှိသော ထိပ်ဝအချင်းတူ အုတ်ကြွပ်ပိုက်ငယ်များကို တစ်ခုနှင့်တစ်ခု ဆက်၍ ရေသွားလမ်းတစ်ခု ဖြစ်လာအောင်ချပေးရမည်ဖြစ်သည်။ ထို့နောက် ရေမြောင်းကို မြေပြန်ဖို့ပြီး ရေထွက်ပေါက် ပိတ်ဆို့နေခြင်း မရှိရလေအောင် စီမံပေးထားရမည်ဖြစ်သည်။



မြေဆီလွှာအတွင်းရှိ ရေလွှတ်ရေပိုများသည် ပိုက်အဆက်နေရာများမှတစ်ဆင့် အုတ်ကြွပ်ပိုက်များအတွင်းသို့ စီးဝင်ရောက်ရှိသွားကြသည်။ ပိုက်အဆက်နေရာများမှတစ်ဆင့် မြေဆီလွှာများက ထွက်မသွားနိုင်ကြသော်လည်း ရေလွှတ်ရေပိုများကမူ လွယ်ကူချောမွေ့စွာ စိမ့်ဝင်စီးထွက်သွားနိုင်ကြမည်ဖြစ်သည်။ မြေဆီလွှာအတွက်လည်း မသင့်လျော်၊ အပင်အတွက်လည်း အကျိုးမပြုသော ရေလွှတ်ရေပိုများသည် အုတ်ကြွပ်ပိုက်အတွင်းသို့ ရောက်ရှိပြီးသည်နှင့် ရေထွက်ပေါက်ဆီသို့ လျင်မြန်စွာစီးဆင်းသွားကြလိမ့်မည် ဖြစ်သည်။

ကမ္ဘာ့စံပြစိုက်ခင်းများတွင် အုတ်ကြွပ်ရေပိုက်မြောင်းများကို ပျမ်းမျှအားဖြင့် တစ်ခုနှင့်တစ်ခု ပေငါးဆယ်အကွာ၌ ထားရှိပေးပြီး အုတ်ကြွပ်ပိုက်ငယ်အသီးသီးတို့မှ ကျဆင်းလာသည့် ရေပိုများကို ပင်မပိုက်ကြီးတစ်ခုထဲသို့ စီးဝင်ရောက်ရှိသွားစေကာ ထိုပင်မပိုက်ကြီးမှတစ်ဆင့် ပြင်ပသို့ စီးထွက်သွားအောင် စီစဉ်ဆောင်ရွက်ထားကြသည်။ စိုက်ခင်းမြေကွက်များစွာတို့မှ ရေပိုများကို ပင်မပိုက်ကြီးတစ်ခုတည်းမှ စီးထွက်သွားအောင် လုပ်ဆောင်ထားခြင်းဖြစ်ပြီး နေရာယူမှုကို သက်သာစေသော နည်းလမ်းလည်း ဖြစ်သည်။

မြေဆီလွှာအတွင်းရှိ မလိုလားအပ်သော တစ်နည်းအားဖြင့် အပင်များအတွက် အကျိုးမရှိသော ရေပိုများကို ထုတ်ပစ်ရန်လိုအပ်သကဲ့သို့ တစ်ချိန်တည်းမှာပင် အပင်က အသုံးပြုရန်လိုအပ်သော ရေမြေးများကို ယုတ်လျော့ကျဆင်းမသွားရလေအောင်လည်း ထိန်းသိမ်းထားရှိရန် လိုအပ်သည်။ မြေဆီလွှာအတွင်း၌ ရေမြေးပမာဏက သုံးစွဲ၍ မကုန်မခန်းနိုင်လောက်အောင် ပါဝင်နေခြင်း မရှိသည့်အတွက် ထိုရေမျိုးကို ထိန်းသိမ်းသိုမှီးထားရန် လိုအပ်ခြင်း ဖြစ်သည်။

မြေဆီလွှာအတွင်းရှိ ရေမြေးပမာ၏ တချို့တဝက်ကသာလျှင် အပင်များဆီသို့ ရောက်ရှိသွားပြီး အများစုမှာ မြေမျက်နှာပြင်ဆီသို့ ရောက်ရှိသွားကြသည်။ ထိုကဲ့သို့ ရောက်ရှိသွားအောင် အပင်များဆီသို့ ရေမြေးများကို ပို့ဆောင်ပေးကြသည့် သဘာဝအင်အားစုတို့ကပင် လုပ်ဆောင်ပေးလိုက်ကြခြင်းဖြစ်သည်။ မြေမျက်နှာပြင်ဆီသို့ ရောက်ရှိသွားကြသော ရေမြေးများသည် အငွေ့ပျံခြင်းအားဖြင့် အချိန်နှင့်အမျှ ဆုံးရှုံးလျက်ရှိနေသည်။ ထိုကဲ့သို့ အငွေ့ပျံခြင်းအားဖြင့်ဆုံးရှုံးရသော ရေပမာဏကို တားဆီးထိန်းသိမ်း ပေးထားနိုင်မည်ဆိုပါက လယ်ယာသီးနှံများအတွက် များစွာသောအကျိုးဖြစ်ထွန်းမှုကို ရရှိစေလိမ့်မည်ဖြစ်သည်။ အကြောင်းမှာ အငွေ့ပြန်ခြင်းဖြင့် ဆုံးရှုံးရသည့်ရေတို့မှာ အပင်တို့က စုပ်ယူရန် လိုအပ်သည့် ရေများဖြစ်နေသောကြောင့် ပင်ဖြစ်သည်။

မြေဆီလွှာပေါ်၌ ပျဉ်ပြားချပ်ကဲ့သို့သော အရာဝတ္ထုတစ်ခုခုကို ချထားမည်ဆိုပါက အချိန်အနည်းငယ် အတွင်းမှာပင် ၎င်းပျဉ်ပြားချပ်၏ အောက်ဘက်မျက်နှာပြင်မှာ ရေငွေ့များဖြင့် စွတ်စိုလာသည်ကို တွေ့ရှိကြရမည် ဖြစ်သည်။ ဤသည်မှာ အဆိုပါ ပျဉ်ပြားချပ်က မြေမျက်နှာပြင်မှ ရေများကို လေထုထဲသို့ အငွေ့ပြန်မသွားအောင် အုပ်မိုးထိန်သိမ်းပေးထားသောကြောင့်ပင် ဖြစ်သည်။

တကယ့်လက်တွေ့တွင်မူ စိုက်ခင်းအတွင်း၌ ပျဉ်ပြားချပ်ကဲ့သို့သော အရာဝတ္ထုများကို အကြားမလပ်ချထားပေးရန်က မဖြစ်နိုင်ပေ။ ကုန်ကျစရိတ် အလွန်များပြားမည် ဖြစ်သလို၊ မြေဆီလွှာ မျက်နှာပြင်အားလုံးကို ထိထိမိမိ အုပ်မိုးကာရံထားရန်ကလည်း အလွန်ခက်ခဲလိမ့်မည်ဖြစ်သည်။ အကောင်းဆုံး၊ အထိရောက်ဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးသောနည်းလမ်းမှာ စိုက်ခင်းတစ်ခွင်တစ်ပြင်လုံး၌ ခြောက်သွေ့နေသော မြေကြီးများကို အပေါ်မှ တစ် ထပ်ဖုံးအုပ်ပေးထားခြင်းပင်ဖြစ်သည်။ စိုက်ခင်းများပေါ်၌ ထွန်ယက်သည့်အခါ အပေါ်ဘက်သို့ ရောက်ရှိလာသော မြေသားထု သုံးလက်မခန့်မှာ အချိန်တိုအတွင်း၌ပင် လျင်မြန်စွာ ခြောက်သွေ့သွားသည်။ ထိုမြေသားအခြောက်များက အောက်ဘက်ရှိ မြေဆီလွှာအတွင်းမှ ရေမြေးများ အငွေ့ပြန်ဆုံးရှုံးခြင်းမရှိအောင် ဖုံးအုပ်ကာရံပေးထားခြင်းဖြင့် သီးနှံပင်များအတွက် အကျိုးပြုသော ရေများ အလဟဿဆုံးရှုံးခြင်း မဖြစ်နိုင်တော့ပေ။ စိုက်ခင်းအတွင်းရှိ မြေသားများထဲမှ မြေအခြောက်ရရှိအောင် ဖန်တီးပြုလုပ်လိုခြင်းမရှိပါက နီးရာ မြေသားတချို့ကို ထွန်ယက်ပြီးဖွပေးခြင်းအားဖြင့်လည်း အချိန်တိုအတွင်း မြေသားအခြောက်များကို ရရှိနိုင်သည်။ ထိုကဲ့သို့သော မြေသားအခြောက် တစ်လွှာထပ်ပိုးဖုံးအုပ်ပေးခြင်းကို ပြောင်းနှင့်အာလူးများ စိုက်ပျိုးထုတ်လုပ်ရာ၌ ကောင်းစွာအသုံးချထားသည်ကို တွေ့ရှိနိုင်ကြမည်ဖြစ်ပေသည်။

# မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၃၄၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မော်လိုက် ဒီဇင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၃၄၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ပဲပုပ် ဧက ၇၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ မော်လိုက်မြို့နယ်တွင် ၂၅၉ ဧကနှင့်ဖောင်းပြင်မြို့နယ်တွင် ၃၁၈၄ ဧက စုစုပေါင်း၃၄၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ပဲပုပ်ဧက ၇၀၀၀ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေရေးအတွက် ပညာပေးတာတွေလဲ ဆောင်ရွက်သွားမှာပါ။ သွင်းအားစုတွေကိုလဲ ဆောင်ရွက်ပေးထားပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၈၈ ဧကနှင့်ဖောင်းပြင်မြို့နယ်တွင် ၇၂၁၂ ဧက စုစုပေါင်း ဧက ၇၆၀၀ ဖြစ်သည်။

မော်လိုက်ခရိုင်တွင် ပဲပုပ်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိစေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲရေး၊ သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲတတ်စေရေးနှင့်အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရာတွင် အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း၊ မျိုးသန့်များ၊ သွင်းအားစုများ၊ စိုက်ပျိုးနည်းစနစ်များ စသည်တို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ခင်းများအထိသွားရောက်ပြီး တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော စပါး ၁၂၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး၁၂၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၃၆၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၀၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မိုးစပါးဧက ၁၃၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ စိုက်ပျိုးထားတဲ့စပါးစိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိဧက ၁၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေကို လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးများ စိုက်ပျိုးခဲ့ရာတွင် အခက်အခဲမရှိ ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်း နှင့်ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မြင်းမူမြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက် ပျိုး ရေး ဆိုင် ရာ နည်း ပညာများပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီ ရောက်ရှိစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။ (၂၀၆)

## ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆည်မုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်၊ ဦးစီးအရာရှိ( နည်းပညာ) ဒေါ်လွင်ဝေအောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဆည်မုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ၌ လမ်း အရှည် ၁မိုင် ၂ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ နှစ်ပေ၊ မြေနီကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း၊ Slab Culvert တစ်စင်းနှင့် Pipe Culvertတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၁၆စသန်းဖြင့် တင်ဒါရရှိသည့် ဇေယျာစွမ်းထက် ကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ်ဇွန်လ တတိယပတ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာအပါအဝင် ကျေးရွာငါးရွာမှ အိမ်ခြေ ၁၁၁၃ အိမ်၊ လူဦးရေ ၄၂၈၉ ဦး၏ စိုက်ပျိုးလယ်မြေဧက၉၀မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်ပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်ထံမှ သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## မသန်စွမ်းသူများဖေးကူလို့သွား

\- ဘဝအကြောင်းကံ မညီမျှလေတော့
ဂီတလို အသံမချိုပေ၊
ကံတရားကို ယိုးမယ်ဖွဲ့
ဆိုးခဲ့ဘဝတွေ၊
မတင့်တယ်လှ ဘဝအခြေ
ရခဲ့ပေ ခရီးလမ်း၊
လူဖြစ်ကာ အလှကင်းလို့
ချို့ယွင်းမစွမ်း။

\- မသန်ပေမဲ့ စွမ်းသူမို့
လှမ်းကူစို့ တို့တစ်တွေ၊
အားငယ်သူ အရေးလှဖို့
ဖေးမကြလေ၊
သူတို့လည်း လူပဲလေ
ယူမြဲစေ အခွင့်ရေး၊
သာတူညီ တန်းတူထား
အားအင်တွေပေး။

\- ကမ္ဘာမှာ ရက်မြတ်ရွေးလို့
ဂုဏ်ပြုပေး အချိန်ခါ၊
မသန်စွမ်းသူ လူထုအား
လေးစားကြင်နာ၊
သုံးရက်နေ့ ဒီဇင်ဘာ
ကမ္ဘာမှာ ဂုဏ်ပြုကြ၊
နေရာအစုံ လက်တွေကမ်း
လှမ်းကူထူမ။

\- နိုင်ရာဝန် ထမ်းစေကြလို့
မပန်းစေဘဝ ကူညီကာ၊
သင့်တော်ရာ အလုပ်တွေပေး
အေးချမ်းဝန်တာ၊
လက်မှုအတတ်ပညာ
သင်ကြားကာ ဖေးကူမ၊
စိတ်ခွန်အားတွေ မြှင့်တင်ပေးကာဖြင့်
နွေးထွေးစွာ ကြင်နာကြလို့
အစဉ်ထာဝရ အေးချမ်းဖို့ကွယ်
လက်ကမ်းကြိုကြ။ ။

(အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်)

ရွှေတိုး(ထုံးဘို)

# နိုင်ငံတကာ သတင်းများ

## ပြင်သစ်တောင်ပေါ်လမ်း ယာဉ်မတော်တဆမှုကြောင့် နှစ်ဦးသေဆုံး၍ ဦးရေ ၃၀ ကျော်ဒဏ်ရာရရှိ

ပဲရစ် ဒီဇင်ဘာ ၂

ပြင်သစ်နိုင်ငံတောင်ပိုင်း ပီရန်းဒေသ တောင်ပေါ်လမ်းတစ်လမ်း၌ ယနေ့တွင် ခရီးသည်တင်ဘတ်စကားတစ်စီးကျောက်ကမ်းပါးစွန်းနှင့်ဝင်တိုက်ခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါတောင်ပေါ်လမ်းယာဉ်မတော်တဆမှုတွင် လူပေါင်း ၃၀ လည်း ဒဏ်ရာများရရှိခဲ့ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားထားသည်။

ကျောက်ကမ်းပါးစွန်းနှင့် ဝင်တိုက်မိခဲ့သည့် ခရီးသည်တင်ဘတ်စကားပေါ်တွင် စုစုပေါင်း လူ ၄၇ ဦး လိုက်ပါလာကြောင်း သိရသည်။

ယာဉ်မတော်တဆမှုတွင် ဒဏ်ရာရရှိခဲ့သူများအနက် ၁၀ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ပြင်သစ် အာဏာပိုင်များက ပြောကြားခဲ့သည်။

ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် မီးသတ်သမား ၁၃၃ ဦးနှင့် ပြင်သစ်တပ်ဖွဲ့ဝင် ဦးရေ ၄၀ တို့က ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများပြုလုပ်ပေးခဲ့သည်။

လက်ရှိအချိန်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ပြင်သစ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဂီနီနိုင်ငံ ဘောလုံးပွဲ၌ လူပြိုမှုဖြစ်ပွား အနည်းဆုံး ၅၆ ဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိ

ကွန်နာခရီ ဒီဇင်ဘာ ၂

ဂီနီနိုင်ငံ အရှေ့တောင်ပိုင်း၌ ယနေ့တွင် ကျင်းပသည့် ဘောလုံးပွဲတစ်ပွဲ၌ ပရိသတ်များကြား ခိုက်ရန်ဖြစ်ပွားခဲ့ပြီးနောက် လူပြိုမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၅၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

ဂိုးအငြင်းပွားမှုနှင့်ပတ်သက်၍ ပြိုင်ဘက်အသင်းများ၏ပရိသတ်များကြား ရန်ပွဲစတင်ခဲ့ပြီးနောက် ဖြစ်ပွားခဲ့သည့် လူပြိုမှုအတွင်း လူပေါင်း ၅၆ ဦး သေဆုံးခဲ့ပြီး လူအများအပြားဒဏ်ရာများ ရခဲ့ကြောင်း ဂီနီအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် လူပြိုမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ဂီနီဝန်ကြီးချုပ် မာမာဒူအော်ရီဘားက ကြေညာချက်ထုတ်ပြန်ထားသည်။

ဘောလုံးပွဲ လူပြိုမှုဖြစ်စဉ်အတွက် နယ်ခံအာဏာပိုင်များတွင် တာဝန်ရှိကြောင်း အတိုက်အခံများက ပြောကြားထားသည်။

ဂီနီခေါင်းဆောင် မာမာဒီဒူ ဘူယာကို ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခဲ့သော ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် လူပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘောလုံးပွဲ လူပြိုမှုအတွင်း သေဆုံးခဲ့သူများထဲတွင် ကလေးများလည်း ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဆိုဗီယက်ခေတ် နျူကလီးယားလက်နက်များကို ယူကရိန်းသို့ပြန်ပေးမည်မဟုတ်ကြောင်း အမေရိကန်ပြောကြား



ဝါရှင်တန် ဒီဇင်ဘာ ၂

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ယူကရိန်းနိုင်ငံက စွန့်လွှတ်ခဲ့သည့် နျူကလီးယားလက်နက်များကို ယူကရိန်းသို့ပြန်ပေးမည်မဟုတ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေး ဂျိတ်ခ်ဆူလီဗန်က ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင် အနေဖြင့် သမ္မတရာထူးမှ အနားမယူမီ ယူကရိန်းနိုင်ငံ စွန့်လွှတ်ပေးထားသည့် နျူကလီးယားလက်နက်များကို ယူကရိန်းသို့ပြန်ပေးနိုင်ကြောင်း သတင်းများ ပေါ်ထွက်လာခဲ့ပြီးနောက် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး၏ တုံ့ပြန်ချက် ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ အနေဖြင့် ရာထူးမှအနားမယူမီ ယူကရိန်း စွန့်လွှတ်ပေးထားသည့် နျူကလီးယားလက်နက်များကို ယူကရိန်းသို့ပြန်ပေးနိုင်ဟု အမေရိကန်မီဒီယာများကပြီးခဲ့သည့်လအတွင်းက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အမေရိကန်အစိုးရအနေဖြင့် နျူကလီးယားလက်နက်များကို ယူကရိန်းသို့ ပြန်ပေးရေးအတွက် စဉ်းစားလိမ့်မည်မဟုတ်ကြောင်း ဂျိတ်ခ်ဆူလီဗန်က အမေရိကန်မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက် နျူကလီးယားလက်နက်များကို ဆိုဗီယက်ခေတ် အမွေအဖြစ် လက်ခံရရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဘူဒါပက်စ်နားလည်မှုစာချွန်လွှာအရ ယူကရိန်းနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် အဆိုပါ နျူကလီးယားလက်နက်များကို စွန့်လွှတ်ပေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကိုကင်းမူးယစ်ဆေးဝါး ၂ ဒသမ ၃ တန် ဩစတြေးလျရဲတပ်ဖွဲ့ သိမ်းယူရရှိ

ဆစ်ဒနီ ဒီဇင်ဘာ ၂

ကွင်းစလန်းပြည်နယ် ကမ်းရိုးတန်းရေပြင်အတွက် စက်ပျက်နေသော ရေယာဉ်တစ်စီးပေါ်မှ ကိုကင်းမူးယစ်ဆေးဝါးများ ၂ ဒသမ ၃ တန်ကို ဩစတြေးလျရဲတပ်ဖွဲ့က သိမ်းဆည်းနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှား ရဲတပ်ဖွဲ့သည် အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများနှင့်အတူ လူပေါင်း ၁၃ ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။

စက်ပျက်နေသည့် မသင်္ကာဖွယ်သင်္ဘောကို တက်ရောက်စီးနင်းခဲ့ပြီးနောက် ကိုကင်းမူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါး တရားမဝင် ကုန်သွယ်သူများအဖြစ် ယူဆရသူများကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျရဲတပ်ဖွဲ့ဝင်များ သိမ်းယူနိုင်ခဲ့သည့် ကိုကင်းမူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၄၉၄ သန်းထိရှိရာ စံချိန်တင်များပြားသည့် မူးယစ်ဆေးဝါးပမာဏ ဖြစ်သည်။

မူးယစ်မှောင်ခို သမားများသည် နိုင်ငံတကာရေပြင်အတွင်း ရှိနေသော သင်္ဘောတစ်စီးဆီသို့ ရေယာဉ်နှစ်စီးဖြင့် ကိုကင်းမူးယစ်ဆေးဝါးများပို့ဆောင်ရန် ကြိုးပမ်းခဲ့ကြကြောင်း ဩစတြေးလျရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါရေယာဉ်နှစ်စီးအနက် တစ်စီးမှာ နစ်မြုပ်ခဲ့ပြီး ကျန်တစ်စီးမှာ စက်ပျက်၍ ကွင်းစလန်းပြည်နယ်ကမ်းလွန်၌ မျောပါနေစဉ် ဩစတြေးလျရဲတပ်ဖွဲ့က တက်ရောက်စီးနင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဖိလစ်ပိုင်အထူးစီးပွားရေး ရေပြင်ဇုန်အတွင်း ရုရှားရေတပ် ရေငုပ်သင်္ဘောတစ်စီးရောက်ရှိ

မနီလာ ဒီဇင်ဘာ ၂

ဖိလစ်ပိုင်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အထူးစီးပွားရေးရေပြင်ဇုန်အတွင်း ရုရှားရေတပ်မှ တိုက်ပွဲဝင် ရေငုပ်သင်္ဘောတစ်စီးရောက်ရှိနေကြောင်း ဖိလစ်ပိုင်ရေတပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ရုရှားရေတပ်ရေငုပ်သင်္ဘောကို ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်း အော်စီဒန်တယ်မင်ဒိုရိုပြည်နယ် ကမ်းရိုးတန်းနှင့် ရေမိုင် ၈၀ ခန့်အကွာရေပြင်အတွင်း နိုဝင်ဘာ ၂၈ ရက်က တွေ့ရှိခဲ့ရကြောင်း ဖိလစ်ပိုင်ရေတပ်သင်္ဘော ထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ရုရှားရေငုပ်သင်္ဘောကို ဖိလစ်ပိုင်ရေတပ်မှ ဖရီးဂိတ်စစ်သင်္ဘောတစ်စီးက အဆက်အသွယ်ပြုလုပ်၍ ရေငုပ်သင်္ဘော အမျိုးအစားနှင့် ဖိလစ်ပိုင်အထူးစီးပွားရေးဇုန်အတွင်း ဝင်ရောက်လာခြင်း၏ ရည်ရွယ်ချက်ကို မေးမြန်း အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ရေငုပ်သင်္ဘောသည် ကီလိုအတန်းအစား ရေငုပ်သင်္ဘောတစ်စီးဖြစ်ပြီး ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့သို့ပြန်ရေးအတွက် ရာသီဥတုအခြေအနေကောင်းလာချိန်ထိ ဖိလစ်ပိုင်အထူးစီးပွားရေးဇုန်အတွင်း ဝင်ရောက်စောင့်ဆိုင်းနေခြင်း ဖြစ်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် ဖိလစ်ပိုင်အထူးစီးပွားရေးရေပြင်ဇုန်အတွင်း ရုရှားရေတပ် ရေငုပ်သင်္ဘောတစ်စီး ရောက်ရှိနေမှုမှာ စိုးရိမ်စရာကိစ္စဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ပြောကြားထားသည်။

ဖိလစ်ပိုင်အထူးစီးပွားရေးဇုန်အတွင်း ရုရှားရေတပ်ရေငုပ်သင်္ဘောတစ်စီးရောက်ရှိနေမှုနှင့် ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ရုရှားသံရုံးက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ပထမဆုံးလောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် နည်းပညာစမ်းသပ်ဂြိုဟ်တုနှစ်စင်းကို လွှတ်တင်ခဲ့



**ပေကျင်း ဒီဇင်ဘာ ၂**

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ၎င်း၏ပထမဆုံး လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် နည်းပညာ စမ်းသပ်ဂြိုဟ်တုနှစ်စင်းကို နိုဝင်ဘာ ၃၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

ကိုယ်ထည်အလျား ၆၂ မီတာ ရှိသည့် လောင်းမတ်ချ်-၁၂ ဒုံးပျံကို ဟိုင်နန်ကျွန်း ဝန်ချန်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၂ ဒုံးပျံသည် သယ်ဆောင်သွားသည့် နည်းပညာ စမ်းသပ်ဂြိုဟ်တုနှစ်စင်းကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ပို့ဆောင် ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လောင်းမတ်ချ်-၁၂ ဒုံးပျံများသည် အလေးချိန် ကီလိုဂရမ် ၁၂၀၀၀ ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း၌ ဂြိုဟ်တုကွန်ရက်များတည်ဆောက်ရာတွင် လောင်းမတ်ချ်-၁၂ ဒုံးပျံသစ်မှာ အဓိကနေရာမှ ပါဝင်လာနိုင်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယခုနှစ်အတွင်း လောင်းမတ်ချ် ဒုံးပျံမစ်ရှင်ပေါင်း ၇၀ ခန့်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

နိုဝင်ဘာ ၃၀ ရက် လောင်းမတ်ချ်-၁၂ ဒုံးပျံမစ်ရှင်သည် တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ယခုနှစ်အတွင်း ၅၉ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာမြေကို ဂြိုဟ်သိမ်များ ဝင်တိုက်မှုမှကာကွယ်နိုင်မည့် နည်းလမ်းတစ်ရပ်ဖန်တီးရန် သိပ္ပံပညာရှင်များ ကြိုးပမ်းနေ


**မက်ဒရစ် ဒီဇင်ဘာ ၂**

ကမ္ဘာမြေကို ဂြိုဟ်သိမ်များ ဝင်တိုက်မှုမှ ကာကွယ်နိုင်မည့် နည်းလမ်းတစ်ရပ် ဖန်တီးရန် သိပ္ပံပညာရှင်များက ကြိုးပမ်းနေကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

စပိန်နိုင်ငံ မာစီယာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကမ္ဘာဂြိုဟ်ဆီသို့ ဦးတည်ပျံသန်းလာသည့် ဂြိုဟ်သိမ်များကို တိတိကျကျရှာဖွေပေးနိုင်မည့် သင်္ချာညီမျှခြင်းတစ်ရပ် ဖန်တီးထားကြောင်း သိရသည်။

ဒြပ်ဆွဲအားကြောင့် အလင်းရောင် ကွေးညွတ်မှုသဘောတရားကို အခြေခံသော အဆိုပါသင်္ချာညီမျှခြင်းသည် နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်သိမ်များ၏ တည်နေရာအတိအကျကို ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

စပိန်သိပ္ပံပညာရှင်များ ဖန်တီးထားသည့် သင်္ချာညီမျှခြင်းက ရှာဖွေပေးနိုင်မည့် ဂြိုဟ်သိမ်များထဲတွင် ပလူတိုဂြိုဟ်၏ နေပတ်လမ်းအလွန်တွင်ရှိသော ကွိုပါခါးပတ်ကွင်းနယ်မြေမှ ဂြိုဟ်သိမ်များလည်း ပါဝင်သည်။




မိမိတို့၏သင်္ချာညီမျှခြင်းသည် ကမ္ဘာဂြိုဟ်ကို ဝင်တိုက်နိုင်သည့် ဂြိုဟ်သိမ်များကို ရှာဖွေရာတွင်၊ အဆိုပါဂြိုဟ်သိမ်များ၏ အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရာတွင် ဂြိုဟ်သိမ်အန္တရာယ် ကာကွယ်ရေးကွန်ရက်များကို ကူညီပေးနိုင်ကြောင်း သိရသည်။

ကမ္ဘာမြေကို ဂြိုဟ်သိမ်များဝင်တိုက်နိုင်သည့် အလားအလာသည် နှစ်စဉ်နှစ်တိုင်း အပုံ ၃၀၀၀၀၀ လျှင် တစ်ပုံထိ ရှိတတ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က တွက်ချက်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ယူရေနတ်ဂြိုဟ်နှင့်နက်ပကျွန်းဂြိုဟ်၌ မြေအောက်သမုဒ္ဒရာများ ကိုယ်စီပိုင်ဆိုင်ထားဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂**

ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်၌ မြေအောက်သမုဒ္ဒရာများ ကိုယ်စီပိုင်ဆိုင်ထားဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

အဆိုပါဂြိုဟ်နှစ်စင်းပေါ်၌ မြေအောက်သမုဒ္ဒရာ တည်ရှိမှုကို အတည်ပြုနိုင်ခဲ့ပါက အဆိုပါဂြိုဟ်နှစ်စင်းပိုင်ဆိုင်ထားသော သံလိုက်စက်ကွင်းများ၏ ထူးဆန်းသောသဘာဝကို လေ့လာဖော်ထုတ်ရာတွင် အထောက်အကူရနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ယူရေနတ်နှင့်နက်ပကျွန်း ဂြိုဟ်အတွင်းပိုင်း ဖြစ်စဉ်များကို နားလည်နိုင်ရေးအတွက် ကွန်ပျူတာစံပြပုံစံများ ဖန်တီးလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ယူရေနတ်နှင့် နက်ပကျွန်းဂြိုဟ်တို့ လေထုလွှာအောက်၌ ထုထည်မိုင် ၅၀၀၀ ထိ ရှိသည့် ရေထုများတည်ရှိနေနိုင်သည်ကိုတွေ့ရကြောင်း သိရသည်။

သို့ရာတွင် အဆိုပါသမုဒ္ဒရာများ၏ဖိအားမှာ ကမ္ဘာမြေမျက်နှာပြင်ဖိအားထက် အဆ ၆၀၀၀၀ ပိုကြီးမားရာ အဆိုပါသမုဒ္ဒရာများအတွင်းရှိ ရေထုသည် ကမ္ဘာမြေပေါ်ရှိ ရေများကဲ့သို့မဟုတ်ဘဲ ဓာတ်ငွေ့နှင့်အရည်ပေါင်းစပ်ထားသည့် ရေထုပုံစံမျိုးဖြစ်နိုင်ကြောင်း သိရသည်။

ယူရေနတ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်သည် နေအဖွဲ့အစည်း၏ တတိယအကြီးဆုံးနှင့်စတုတ္ထအကြီးဆုံးဂြိုဟ်များ ဖြစ်ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## မိခင်လောင်းများသုံးသည့် ဗီတာမင်ဆေးများတွင် အဆိပ်အတောက်ရှိသတ္တုဓာတ်များ ပါဝင်နေ

**နယူးယောက် ဒီဇင်ဘာ ၂**

မိခင်လောင်းများ အသုံးများသည့် ဗီတာမင်အားဖြည့်ဆေးများတွင် အဆိပ်အတောက်ရှိ သတ္တုဓာတ်များပါဝင်နေကြောင်း သုတေသန ပညာရှင်များက ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် မိခင်လောင်းများ အသုံးများပြီး အလွယ်တကူ ဝယ်ယူရယူနိုင်သော ဗီတာမင်အားဖြည့်ဆေး ၄၇ မျိုးကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ရရှိသည့် အချက်အလက်များအရအထက်ပါ ဗီတာမင် အားဖြည့်ဆေးများတွင် အဆိပ်အတောက်ရှိ သတ္တုဓာတ်များပါဝင်မှုနှုန်းမှာ မျှော်လင့်ထားသည်ထက် မြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အထက်ပါ ဗီတာမင်အားဖြည့်ဆေးများအနက် ၁၃ မျိုးတွင် ကတ်မီယမ်သတ္တုဓာတ် ပါဝင်မှုမြင့်မားနေပြီး ခုနစ်မျိုးတွင် အာဆင်းနစ်ဓာတ်များ ပါဝင်မှုမြင့်မားကာ နှစ်မျိုးတွင် ခဲဓာတ်ပါဝင်မှုနှုန်း မြင့်မားနေကြောင်း သိရသည်။

ကတ်မီယမ် သတ္တုဓာတ် ပါဝင်မှုနှုန်းမြင့်မားသည့် ဗီတာမင်ဆေးများကြောင့်မွေးဖွားလာသော ကလေးများတွင် အော်တစ်ဇင်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကတ်မီယမ်သတ္တုဓာတ်သည် ကျောက်ကပ်ပျက်စီးမှု၊ အရိုးများကျွတ်ဆတ်လာမှုတို့နှင့်လည်း ဆက်စပ်နေတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဗြိတိန်နိုင်ငံ၌ ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးမှု လေးမှုလျှင် တစ်မှုက ကင်ဆာရောဂါကြောင့် ဖြစ်လာနိုင်

**လန်ဒန် ဒီဇင်ဘာ ၂**

ဗြိတိန်နိုင်ငံ၌ လက်ရှိကာလနှင့် ၂၀၅၀ ပြည့်နှစ်ကြားကာလအတွင်း အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးမှုလေးမှုလျှင် တစ်မှုသည် ကင်ဆာရောဂါကြောင့်ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (OECD)၏ လေ့လာချက်အရ လက်ရှိကာလနှင့် ၂၀၅၀ ပြည့်နှစ် ကာလအတွင်း ဗြိတိန်နိုင်ငံ၌ ကင်ဆာရောဂါမှာ အဓိကပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ် ဆက်ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

ကုထုံးနှင့်ဆေးဝါးများတိုးတက်မှုရှိလာသော်လည်း ဗြိတိန်နိုင်ငံအတွက် ကင်ဆာရောဂါသည် လူများသေဆုံးမှု၏အဓိက ရောဂါအကြောင်းတရားအဖြစ် ဆက်ရှိနေဆဲဖြစ်ကြောင်း OECD သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၃ ခုနှစ်နှင့် ၂၀၅၀ ပြည့်နှစ်အတွင်း ဗြိတိန်နိုင်ငံ၌ နှစ်စဉ် ကင်ဆာရောဂါကြောင့် သေချိန်မတန်ဘဲ သေဆုံးရသူ ၅၀၀၀၀ ထိ ရှိနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဖီဖာနေရာလိုက်တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်

ဇူးရစ် ဒီဇင်ဘာ ၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ချီးမြှင့်ပေးအပ်မည့် ဆုတစ်ခုဖြစ်သည့် ဖီဖာတစ်နှစ်တာနေရာအလိုက်အကောင်းဆုံးအမျိုးသမီးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဖီဖာတစ်နှစ်တာနေရာအလိုက်အကောင်းဆုံး အမျိုးသမီးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ဂိုးသမားနေရာမှ ဝက်စ်ဟမ်းအသင်းမှ အာနိုး၊ မန်ယူအသင်းဂိုးသမားဟောင်း အယ်ရီအက်ပ်၊ လိုင်ယွန်အသင်းမှ အန့်လာ၊ ခံစစ်ကစားသမားနေရာတွင် လိုင်ယွန်အသင်းမှ ဘာချာ၊ ဘာစီလိုနာအသင်းမှ ဘက်လီ၊ ချယ်ဆီးအသင်းမှ ဘရိုက်၊ ဘရွန်ဇီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ကာမိုနာ၊ ချယ်ဆီးအသင်းကစားသမားဟောင်း ကာတာ၊ ဆမ်ဒီယေဂိုအသင်းမှ ဂျီယာမာ၊ မန်စီးတီးအသင်းမှ ဂရင်းဝုဒ်၊ ကွင်းလယ်ကစားသမားနေရာတွင် ဘာစီလိုနာအသင်းမှ ဘွန်မာတီ၊ ပူတဲလက်၊ ကိုင်ရာဝက်ဇ်၊ အန်ဂျန်၊ ကန်ဆက်အသင်းမှ ဒီဘင်ဟာ၊ လိုင်ယွန်အသင်းမှ ဟိုရန်၊ မန်ယူအသင်းမှ တိုနီတို့ပါဝင်ခဲ့ကြသည်။

အလားတူ တိုက်စစ်ကစားသမားနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကက်စ်တီလို၊ ကာစီဒို၊ အော်လန်ဒိုအသင်းမှ မာတာ၊ဘန်ဒါ၊ ပီအက်စ်ဂျီအသင်း ကစားသမားဟောင်း ရှာဝင်ဂါ၊ ချယ်ဆီးအသင်းမှ လူရန်ဂျိမ်းစ်၊ ဘာစီလိုနာအသင်းမှ ပါရာလူလိုနှင့် အာဆင်နယ်အသင်းမှ ရူဆိုတို့ပါဝင်ခဲ့ကြကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# ဖိုဖန်နာ ဒဏ်ရာကြောင့် ယခုနှစ်အတွင်း ပွဲစဉ်များကို လွဲချော်မည်



လန်ဒန် ဒီဇင်ဘာ ၂

ချယ်ဆီးအသင်းက အေဗီလာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ခံစစ်ကစားသမား ဖိုဖန်နာ ဒဏ်ရာရရှိခဲ့သောကြောင့် ယခုနှစ်အတွင်း ပွဲစဉ်များကို လွဲချော်မည်ဟု နည်းပြမာရက်စ်ကာက ပြောကြားခဲ့သည်။

ဖိုဖန်နာသည် အေဗီလာနှင့် ပွဲစဉ်တွင် ဗဟိုခံစစ်ပိုင်းကို ဦးဆောင်လာခဲ့ပြီး အသင်းအနေဖြင့် ပွဲချိန် ခုနစ်မိနစ်တွင် ဂျက်ဆန်၊ ပွဲချိန် ၃၆ မိနစ်တွင် ဖာနန်ဒက်စ်တို့၏ဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၆၀ တွင် ဖိုဖန်နာသည် ပေါင်ကြွက်သား ဒဏ်ရာရရှိခဲ့ပြီး အသင်းဖော်ကစားသမား ဘာဒီယာရှီးနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ဖိုဖန်နာ၏ ဒဏ်ရာကို စစ်ဆေးမှုပြုလုပ်ထားသော်လည်း ကြွက်သားဒဏ်ရာဖြစ်သည့်အတွက် ရက်သတ္တပါတ်ထိ အနားယူရနိုင်ကြောင်း၊ ခွဲစိတ်ကုသမှုခံယူရပါက ကာလကြာမြင့်စွာ အနားယူရမည်ဟု နည်းပြမာရက်စ်ကာက အတည်ပြုပြောကြားခဲ့သည်။

ချယ်ဆီးအသင်းသည် နည်းပြမာရက်စ်ကာ လက်အောက်တွင် ပုံစံကောင်း ပြန်လည်ရရှိခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ရမှတ် ၂၅ မှတ်ရရှိခဲ့ပြီး အဆင့် ၃ သို့တက်ရောက်၍ ချန်ပီယံလမ်းကြောင်းပေါ် ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဂျာမန်စတုတ္ထတန်းကလပ်ပွဲစဉ်ဖြစ်သည့် ဂျန်နာအသင်းနှင့် ဂျာမိုင်လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်တွင် နှစ်ဖက်အသင်းပရိသတ်များ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ရဲအရာရှိ ၁၀ ဦး အပါအဝင် ၇၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘက်ပီနေရာတွင် အစားထိုးရန်အတွက် လီဗာပူးအသင်းမှ ဆာလာဟ်ကို ခေါ်ယူရန် ကြိုးပမ်းနေချိန်တွင် ဆာလာဟ်က ပီအက်စ်ဂျီအသင်းအတွက် လမ်းဖွင့်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လက်ချီကို သရေသာကစားနိုင်ခဲ့သည့် ဂျူဗင်တပ်အသင်းအနေဖြင့် ပြိုင်ပွဲစုံ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း သိရသည်။
- ၂၀၂၅ ကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲတွင် ကလပ်အသင်း ၃၂ သင်း ပါဝင်မည်ဖြစ်ကာ တစ်သင်းလျှင် ဆုကြေးငွေ အနည်းဆုံး ဒေါ်လာ သန်း ၅၀ ရရှိမည်ဖြစ်ပြီး ဆုဖလားရရှိသည့်အသင်းက ဒေါ်လာသန်း ၁၀၀ ထိရရှိနိုင်သည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

ML

# ချယ်ဆီးအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုး ၃၀ ကို ဒုတိယမြောက် ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်သူအဖြစ် ပယ်မာမှတ်တမ်းဝင်

လန်ဒန် ဒီဇင်ဘာ ၂

ချယ်ဆီးအသင်း လူငယ်ကွင်းလယ်ကစားသမား ပယ်မာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ကစားခဲ့သည့် ချယ်ဆီးအသင်းနှင့် အေဗီလာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက်တွင် ပရီးမီးယားလိဂ်သွင်းဂိုး ၃၀ ကို ဒုတိယမြောက် ပွဲအနည်းဆုံးဖြင့် ပြည့်မြောက်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



ချယ်ဆီးအသင်းက အေဗီလာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပယ်မာက ပွဲချိန် ၈၃ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၂ နှစ်ရှိ ပယ်မာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က မန်စီးတီးအသင်းမှ ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အေဗီလာအသင်းနှင့် ချယ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားချိန်၌ ပယ်မာအနေဖြင့် ပရီးမီးယားလိဂ်ပွဲစဉ် ၄၆ ပွဲ ပါဝင်ကစားခဲ့ပြီးနောက် သွင်းဂိုး ၃၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ချယ်ဆီးအသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုး ၃၀ ကိုပွဲအနည်းဆုံးဖြင့်ပြည့်မြောက်ခဲ့သည့် ကစားသမားစာရင်းတွင် အသင်းဂန္ထဝင်ကစားသမားကြီးဖြစ်သည့် ဟယ်ဆယ်ဘိန့်ခ်က ၄၁ ပွဲဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ပယ်မာက ၄၆ ပွဲဖြင့်လည်းကောင်း၊ ဒီယေဂိုကော်စတာက ၄၈ ပွဲဖြင့်လည်းကောင်း၊ ဒရော့ဘာက ၆၇ ပွဲဖြင့်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိနေသည်။

ပယ်မာသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၅ ပွဲ ကစားပြီးချိန်တွင် ရှစ်ဂိုးထိသွင်းယူထားပြီး ခြောက်ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၏ ပွဲစဉ်များကို Sky Sports ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၂

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းကစားမည့် ပွဲစဉ်များ အပါအဝင် ပွဲစဉ်အားလုံးကို ပြည်တွင်း ရုပ်သံလိုင်းဖြစ်သည့် Sky Sports ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စု(B)တွင် ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ ဖိလစ်ပိုင်အသင်း၊ လာအိုအသင်းတို့နှင့် အတူ တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ အသင်းတစ်သင်း အနေဖြင့် အုပ်စုပွဲစဉ် လေးပွဲတွင် နှစ်ပွဲကို အိမ်ကွင်းနှင့် နှစ်ပွဲကို အဝေးကွင်းတွင် ကစားရမည်ဖြစ်သည့်အတွက် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့်လည်း အိမ်ကွင်းအဖြစ် သုဝဏ္ဏအားကစားကွင်းတွင် အိမ်ကွင်းပွဲစဉ်အဖြစ် နှစ်ပွဲ ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် AFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းတွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းတွင်လည်းကောင်း အသီးသီး ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ကစားသမားတစ်ဦး ကိုးမားရောဂါဖြစ်ခဲ့မှုကြောင့် ဖီအိုရင်တီးနားနှင့် အင်တာမီလန်တို့ပွဲစဉ်ကိုဖျက်သိမ်း



**ရောမ ဒီဇင်ဘာ ၂**

အီတလီစီးရီးအေ အမှတ်ပေးပွဲစဉ်(၁၃)အဖြစ် ကစားခဲ့သည့် ဖီအိုရင်တီးနား အသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် ဖီအိုရင်တီးနားကစားသမား ဘိုဗီ ကိုးမားရောဂါ ဖြစ်ပွားခဲ့သောကြောင့် ပြိုင်ပွဲကို ဖျက်သိမ်းခဲ့ရသည်။

အဆိုပါပွဲစဉ်သည် တစ်ဖက်နှင့်တစ်ဖက် သရေရလဒ်ထွက်ပေါ်နေချိန် ပွဲချိန် ၁၆ မိနစ်အရောက်၌ ဘိုဗီသည် ရုတ်တရက် ကွင်းအတွင်းလဲကျခဲ့သဖြင့် ကစားသမားများနှင့် ဆေးအဖွဲ့က ကူညီမှုများပြုလုပ်ကာ အရေးပေါ်ကားဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယခုအခါ ကစားသမား အနေဖြင့် ဗဟိုအာရုံကြောစနစ် ချို့ယွင်းခဲ့သည့်အတွက် ကိုးမားရောဂါ ခံစားနေရသော်လည်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်၍ လာမည့် ၂၄ နာရီအတွင်း ထုတ်ပြန်ပေးမည်ဟု ဖီအိုရင်တီးနားအသင်းက ပြောကြားခဲ့သည်။

ယခုဖြစ်စဉ်သည် စီးရီးအေပြိုင်ပွဲတွင် ရိုးမားအသင်း ကစားသမား အန်ဒစ်ကာ ကွင်းအတွင်း လဲကျပြီးနောက် ဒုတိယအကြိမ်မြောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် စီးရီးအေဘောလုံးအဖွဲ့ချုပ်က ဖီအိုရင်တီးနားနှင့် အင်တာမီလန်အသင်းတို့ ပြန်လည်ကစားမည့်ပွဲအချိန်ကို ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# WBC ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံအတွက် ကာဘာယယ်နှင့် ထိုးသတ်ချင်ကြောင်း ကျီလီကျန်း ပြောကြား

**ပေကျင်း ဒီဇင်ဘာ ၂**

WBO ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံဟောင်း တရုတ်လက်ဝှေ့သမား ကျီလီကျန်းသည် WBC ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ဂျာမနီလက်ဝှေ့သမား ကာဘာယယ်နှင့် ထိုးသတ်သွားချင်ကြောင်း စိန်ခေါ်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ကျီလီကျန်းသည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ယူကရိန်း လက်ဝှေ့သမား အူဆက်ခ်အား စိန်ခေါ်ထိုးသတ်ခွင့်ရရှိရန်အတွက် ဆန္ဒရှိနေပြီး ကမ္ဘာ့ချန်ပီယံခါးပတ်တစ်ခု သို့မဟုတ် ယာယီကမ္ဘာ့ချန်ပီယံခါးပတ်တစ်ခုကို ဆွတ်ခူးထားနိုင်မှသာ အူဆက်ခ်ကို စိန်ခေါ်နိုင်မည်ဖြစ်သည်။

ကျီလီကျန်းသည် WBO ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ပိုင်ဆိုင်ခွင့်ရရှိထားသော်လည်း ယခုနှစ် မတ် ၈ ရက်က နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်ပါကားအား ရှုံးနိမ့်ကာ WBO ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ခဲ့ရသည်။

ကာဘာယယ်သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး အူဆက်ခ်သည် တိုင်ဆန်ဖျူရီနှင့် မကျေပွဲစဉ်ထိုးသတ်သွားရန် ပွဲစီစဉ်ထားပြီးဖြစ်သောကြောင့် အူဆက်ခ်အား စိန်ခေါ်ခွင့် မရသေးသည့် ယာယီချန်ပီယံတစ်ဦး ဖြစ်သည့်အတွက်ကြောင့် ယာယီချန်ပီယံအတွက် ပြိုင်ဘက်များ၏စိန်ခေါ်မှုကို လက်ခံသွားရမည့် အခြေအနေဖြစ်နေသည်။



ကျီလီကျန်းအနေဖြင့် ကာဘာယယ်နှင့်ထိုးသတ်ရန် တရားဝင် စိန်ခေါ်မှု ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ဂျန်နစ်ခ်ဆင်နာနှင့် စဝီယာတက်ခ်တို့အား ရာသက်ပန်ပွဲပယ်ပြစ်ဒဏ်ချမှတ်ရန် ရုရှားတင်းနစ်မယ် ကာဖယ်နီကော့ဗ် တောင်းဆို

**မော်စကို ဒီဇင်ဘာ ၂**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့သည် တားမြစ်ဆေးဝါး သုံးစွဲ ထားမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ၎င်းတို့အား ရာသက်ပန် ပွဲပယ်ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း ကာဖယ်နီကော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှားတင်းနစ်မယ် ကာဖယ်နီကော့ဗ်သည် တင်းနစ်လောကတွင် အောင်မြင်မှုများစွာ ဆွတ်ခူးခဲ့ဖူးသည့် တင်းနစ်မယ်တစ်ဦးဖြစ်သလို တားမြစ်ဆေးဝါးသုံးစွဲမှုပြစ်ဒဏ်နှင့်ပတ်သက်ပြီး တာဝန်ရှိသူများက လျော့ပေါ့နေကြောင်း ဝေဖန်ပြောကြားခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ပြီးခဲ့သည့်မတ်လက တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသော်လည်း ရည်ရွယ်ချက်မရှိသည့်အတွက်ကြောင့် တားမြစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ချုပ်က ဂျန်နစ်ခ်ဆင်နာအား အရေးမယူရန် ဆုံးဖြတ်ခဲ့သည်။ စဝီယာတက်ခ်၏ အမှုနှင့်ပတ်သက်ပြီး တစ်လပွဲပယ် ပြစ်ဒဏ်သာ ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး တင်းနစ်လောကအတွက် ထိရောက်သည့် အရေးယူမှုတစ်ရပ် မဟုတ်ကြောင်း ကာဖယ်နီကော့ဗ်က မှတ်ချက်ပြုခဲ့သည်။

ကာဖယ်နီကော့ဗ်က "တင်းနစ်လောကအတွက် ဘယ်သူပဲဖြစ်နေပါစေ တားမြစ်ဆေးဝါးသုံးစွဲတဲ့ ကစားသမားတိုင်းကို ရာသက်ပန် ပွဲပယ်ပြစ်ဒဏ်ချမှတ်သင့်ပါတယ်။ တားမြစ်ဆေးဝါးဆိုတာက တကယ်လို့ ကစားသမားတစ်ယောက်ရဲ့ အင်အားကပွဲပေါင်း ၁၇၀ သာ ကစားနိုင်တယ်ဆိုပေမယ့်လဲ တားမြစ်ဆေးဝါးကြောင့် ပွဲပေါင်း ၃၀၀ လောက်အထိ ကစားသွားနိုင်တယ်။ ဒါဟာ ရှက်စရာကောင်းတဲ့ကိစ္စရပ်တစ်ခုပါ။ အခု တင်းနစ်လောကမှာ ဖြစ်ပေါ်နေတယ်။ လုံးဝလက်မခံသင့်ပါဘူး။ တားမြစ်ဆေးဝါးသုံးစွဲသူတိုင်းကို ရာသက်ပန် ပွဲပယ်ပြစ်ဒဏ် ချမှတ်သင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ပရီးမီးယားလိဂ် ပွဲစဉ်(၁၄) ပွဲကြိုသုံးသပ်ချက်များ

STA

## မန်စီးတီး Vs နော်တင်ဟမ်

ကစားမည့်ရက်/အချိန် ၅-၁၂-၂၀၂၄ (နံနက် ၀၂း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နော်တင်ဟမ် ၀ - ၂ မန်စီးတီး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(ရှုံး) |
| နော်တင်ဟမ် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(နိုင်) |

ပရီးမီးယားလိဂ်လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ မန်စီးတီးအသင်းအတွက် အခုပွဲစဉ်မှာတော့ မဖြစ်မနေ နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ လက်ရှိ နော်တင်ဟမ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ မန်စီးတီးအသင်းကို ပွဲချိန်ပြည့် တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲပြန်လည်ရှာဖွေမယ့် မန်စီးတီးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - မန်စီးတီး ၃ - ၀ နော်တင်ဟမ်

## နယူးကာဆယ် Vs လီဗာပူး

ကစားမည့်ရက်/အချိန် ၅-၁၂-၂၀၂၄ (နံနက် ၀၂း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဗာပူး ၄ - ၂ နယူးကာဆယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(သရေ) |
| လီဗာပူး | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

ခြေစွမ်းပိုင်း အကောင်းဆုံးပုံစံကိုရရှိနေတဲ့ လီဗာပူးအသင်းဟာ အဝေးကွင်းဆိုပေမယ့် နယူးကာဆယ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ နယူးကာဆယ်အသင်းကတော့ ခြေစွမ်းပိုင်း မတည်မငြိမ်ဖြစ်နေသလို ရုန်းကန်နေရလို့ လီဗာပူးအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လီဗာပူးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - နယူးကာဆယ် ၁ - ၂ လီဗာပူး

## အာဆင်နယ် Vs မန်ယူ

ကစားမည့်ရက်/အချိန် ၅-၁၂-၂၀၂၄ (နံနက် ၀၂း၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အာဆင်နယ် ၂ - ၁ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| မန်ယူ | - | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက် နိုင်ပွဲပြန်လည်ရရှိထားပြီး ပုံစံကောင်းရရှိနေတဲ့ အာဆင်နယ်အသင်းဟာ အိမ်ကွင်းမှာ မန်ယူအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ မန်ယူအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ပြန်လည်ကောင်းမွန်နေတယ်ဆိုပေမယ့် ခံစစ်ပိုင်းကတော့ လိုအပ်ချက်တွေရှိနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမယ့် အာဆင်နယ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

ခန့်မှန်းရလဒ် - အာဆင်နယ် ၂ - ၁ မန်ယူ

# စပိန်လာလီဂါ ပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်

STA

## ဘီလ်ဘာအို Vs ရီးရဲလ်မက်ဒရစ်

ကစားမည့်ရက်/အချိန် ၅-၁၂-၂၀၂၄ (နံနက် ၀၂း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရီးရဲလ်မက်ဒရစ် ၂ - ၀ ဘီလ်ဘာအို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ရီးရဲလ်မက်ဒရစ် | - | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ရီးရဲလ်မက်ဒရစ်အသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့ရင် အမှတ်ပေးဇယားဦးဆောင်နိုင်မှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။ ဘီလ်ဘာအိုအသင်းကလဲ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဆိုပေမယ့် ရီးရဲလ်မက်ဒရစ်အသင်းကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်ရခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဘီလ်ဘာအို ၁ - ၂ ရီးရဲလ်မက်ဒရစ်

## ကိုဇော်ဌေး(ယဉ်ကျေးမှု)

# သားရေတူရိယာ


တီးမှုတ်ရန်အတွက် သားရေကြွက်၍ဖုံးအုပ်ထားသောတူရိယာများကို သားရေတူရိယာဟု ခေါ်သည်။ အချို့က ဗုံတူရိယာအစုဟုလည်း ခေါ်ဝေါ်သည်။ ဗုံသည် ပုံမှ ဖြစ်တည်လာသည်။

ကျော်အောင်စံထားဆရာတော်၏ ဝေါဟာရတ္ထပကာသနီနဝမပိုင်းတွင် "အသံတူသေးသေးတင်မသတ်ကာတီးသည့်ပုံလည်း နည်းတူရေးသင့်သည်" ဆိုခဲ့သည်။ ထိုမှ နောင်တွင် ဗုံဟုပြောင်းလဲရေးလာသည်။ "လေးပါးမျိုးပုံ၊လက်အုပ်စုံသား၊အစုံနှစ်ဖက်"။ "မစုမပုံ၊ မယုံမနဲ့"။ "သခင်ချစ်ပုံ၊ယုံစခေါက်ရက်"။ "ရာသီလဲအုံ၊ ကင်းပုံကျီအာ"စသည်ဖြင့် စုပုံသည်၊ အရာထင်သည် ဟူသော စကားတို့နှင့် သားရေတူရိယာ 'ပုံ' ရောထွေးသွားနိုင်သဖြင့် ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဆိုထားခဲ့သည့်အတိုင်း ပုံကို ဗုံဟု ပြောင်းလဲရေးသားလာကြသည်။ မြန်မာအဘိဓာန်က "အခေါင်းထွင်းထားသော သစ်သားလုံး၏ ထိပ်နှစ်ဖက်တွင် သားရေပါးကြက်ထားသော တီးစရာတူရိယာ"ဟု ဖွင့်ဆိုပြထားသည်။

သားရေတူရိယာတွင် အကျုံးဝင်သောတူရိယာများမှာ စည်အမျိုးမျိုး၊ ပတ်လုံးအမျိုးမျိုး၊ ပတ်မကြီး၊ စခွန့်၊ ခြောက်လုံးပတ်၊ စည်တို၊ စည်တုတ်၊ ဗုံကြီး၊ ဗုံရှည်၊ ဗုံတို၊ ဒိုးပတ်၊ အိုးစည် အစရှိသည်တို့ပါဝင်သည်။ သားရေတူရိယာကို ပတ်စာကပ်၍ တီးလာသည့် ခေတ်ဝယ်ထွက်ပေါ်သည့်အသံကို အကြောင်းပြု၍ 'ဗုံ'ဟူသောဝေါဟာရလည်း ထွက်ပေါ်လာခြင်းလည်းဖြစ်နိုင်သည်။

သားရေတူရိယာပေါ်ပေါက်လာပုံကို စဉ်းစားကြရာ၌ မြန်မာလူမျိုးများသည် တောထုတ်ခြင်း၊ အုန်းမောင်း၊ ကလတက်ခေါက်ခြင်း စသည့်အလေ့အထများကဲ့သို့ သစ်ခေါင်းတစ်ခေါင်းကို တုတ်နှင့်တီးခေါက်ရိုက်နှက်ခြင်းအားဖြင့် မကောင်းဆိုးဝါး၊ ဘေးအန္တရာယ်များ ကင်းစင်ပပျောက်သည်ဟူ၍ အယူအဆမှတစ်ဆင့် မိမိတို့ အမဲလိုက်ရာမှ ရရှိလာသော တိရစ္ဆာန်သားရေတို့ဖြင့် သစ်ခေါင်းများကို ဖုံးအုပ်လျက် တစ်မျိုးတစ်ဖုံ တီထွင်တီးခေါက်လာသည့် ခေတ်ကာလမှစ၍ ဗုံတွင် အကျုံးဝင်သော သားရေတူရိယာများ စတင်ထွန်းကားပေါ်ပေါက်လာသည်။ ရှေးဦးအစဝယ် မိမိတို့ကို ကိုးကွယ်ဆည်းကပ်သူများ ပိုမိုရှိသေလေးစားရန် အတွက်သာ တီးခေါက်ခဲ့ကြသည်။ နောင်ဝယ် သားရေတူရိယာများကို စစ်ပွဲများတွင် လူများစုစည်းရာ၌ အသုံးပြုခဲ့ကြရာမှ လူသုံးတူရိယာအဆင့်သို့ အဆင့်ဆင့်ကူးပြောင်းလာခဲ့သည်။ သားရေတူရိယာကို လက်ဖြင့် ထုရိုက်၍ တီးနည်း၊ ကြိမ်တုတ်ဖြင့်ရိုက်နှက်၍တီးနည်း၊ ပတ်စာကပ်၍ လက်ဖြင့် တီးနည်းဟူ၍တွေ့ရသည်။

ဗုံအမျိုးအစားအားဖြင့် အဝနှစ်ဖက်စလုံး သားရေပိတ်ထားသောဗုံနှင့် အဝတစ်ဖက်ကို သားရေပိတ်ထားသောဗုံဟူ၍ နှစ်မျိုးရှိသည်။ အဝနှစ်ဖက်ပိတ်ထားသောဗုံအမျိုးအစားများကိုမြေပေါ်တွင်ထောင်၍လည်းကောင်း၊ လက်ဖြင့်ပိုက်၍လည်းကောင်း၊ လည်ပင်းတွင် အလျားလိုက်သိုင်း၍လည်းကောင်း၊ တန်းပေါ်တွင် ဒေါင်လိုက်ဆွဲချိတ်၍လည်းကောင်း၊ အလျားလိုက်ဆွဲချိတ်၍လည်းကောင်း၊ ခွပေါ်တွင် အလျားလိုက်တင်၍လည်းကောင်း၊ ဒေါင်လိုက်တင်၍လည်းကောင်း အမျိုးမျိုးတီးကြသည်။ အဝတစ်ဖက်ပိတ်အိုးစည်အမျိုးအစားဗုံများကိုမူ ပခုံးတွင် လွယ်၍ တီးကြသည်။ ပတ်စာကပ်တီးသည့် အလေ့အထသည် အိန္ဒိယနိုင်ငံတွင် စတင်သည်။ အိန္ဒိယနိုင်ငံတွင် ဗုံများကိုမတီးမီ တီးမည့်ဗုံ၏သားရေပေါ်၌ ထမင်း၊ သစ်သီးထောပတ်၊ အမွှေးနံ့သာများရောနှော တင်ပြီးလျှင် သက်ဆိုင်ရာနတ်များပသလေ့ရှိကြရာမှ ကာလကြာမြင့်သော် ဗုံကိုပတ်စာကပ်တီးပါက အသံပိုမိုသာယာသည့် အသိဉာဏ်များ ပေါ်ပေါက်လျက် ပတ်စာကပ်တီးသော အလေ့အထများထွန်းကားလာသည်ဟုဆိုကြသည်။ အိန္ဒိယနိုင်ငံ၌လည်း ပတ်စာကပ်တီးသည့်အလေ့အထ မည်သည့်ခေတ်အခါ



သားရေတူရိယာ ဒိုးပတ်ကို တွေ့ရစဉ်။

မှစ၍ ပေါ်ပေါက်လာသည်ကို အတိအကျ မခန့်မှန်းနိုင်ကြချေ။ ကမ္ဘာပေါ်တွင် ဗုံကို အသံကိုက် ပတ်စာကပ်တီးမှုတ်ကြသော တိုင်းပြည်များမှာ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မာလာယုကျွန်းဆွယ်တစ်ဝိုက်ရှိ ပြည်နယ်များဖြစ်သည်။ သားရေကို တုတ်ဖြင့်ရိုက်ပုတ်၍ တီးနည်းသည် ရှေးအကျဆုံးတီးနည်းဖြစ်သည်။

တုတ်ဖြင့်ဖြစ်စေ၊ ကြိုးပုထုံးဖြင့်ဖြစ်စေ ရိုက်တီးရသော ဗုံအမျိုးအစားများမှာ ပဟိုရ်စည်၊ မင်္ဂလာစည်၊ ဝင်စည်၊ မြှောက်စည်၊ စည်ဝန်း၊ စည်ဖြော၊ ဗုံတောင်၊ စည်တုတ်၊ စည်တို၊ စည်ပုတ်၊ ပလုတ်၊ ဖြော စသည်တို့ဖြစ်သည်။ ပတ်စာကပ်၍ လက်ဖြင့်တီးရသောဗုံအမျိုးအစားများမှာ စည်တော်ဗုံ၊ ပတ်လုံး၊ စခွန့်၊ ပတ်မ၊ ခြောက်လုံးပတ်၊ ဗုံကြီး၊ ဗုံရှည်၊ ဗုံတို၊ ဒိုးပတ်၊ အိုးစည် စသည်တို့ဖြစ်သည်။ သားရေကို ပတ်စာမကပ်ဘဲ လက်ဖြင့်သာ တီးရသော ဗုံတီးနည်းမျိုးကို မြန်မာတို့တီးခတ်ခြင်းမရှိတော့သည်ကိုလည်း တွေ့ရသည်။ သားရေအလျှော့အတင်းဖြင့် အသံကိုက်ညီနေသည့်အခါ ပတ်စာမကပ်ဘဲ တီးမှုတ်ကြခြင်းမျိုးကို တစ်ခါတစ်ရံတွေ့ရသည်။ အချို့တိုင်းရင်းသားများတီးသည့်ဗုံတို့သည်လည်း ပတ်စာမကပ်ကြချေ။ ဗုံများကိုပတ်စာကပ်တီးသည့်အခါ ပတ်စာကောင်းမှသာလျှင် ဗုံသံထွက်ကောင်းသည်။ ပတ်စာကောင်းပြုလုပ်ရန်အတွက် အရပ်ဒေသကိုလိုက်၍ ညောင်ပြာ၊ မန်ကျည်းပြာ၊ သန်းပြာ၊ ဒဟတ်ပြာ၊ မျောက်ချောပြာ၊ မြတ်ရာပြာများကို သုံးကြသည်။ ယခုအခါ အသင့်သုံးပတ်စာများကို လွယ်ကူစွာဝယ်ယူရရှိနေပြီဖြစ်သည်။ ပတ်စာကပ်သည့်အခါ ဗုံ၏သားရေအုပ်ထားသော အလယ်တည့်တည့်ရှိ သစ်စေးသုတ်ထားသည့် အနက်ဝိုင်းကလေးအပေါ်တွင် ပတ်စာကပ်ရသည်။ သစ်စေးသုတ်ပေးထားခြင်းမှာ ပတ်စာအကပ်အခွာပြုလုပ်ရာတွင် သားရေကို မထိခိုက်စေရန်နှင့် လွယ်ကူစေရန်ဖြစ်သည်။ ပတ်စာအထည့်များလျှင် အသံနိမ့်သောသဘောရှိ၍ ပတ်စာအထည့်နည်းလျှင် အသံမြင့်သောသဘောရှိသည်။

မြန်မာနိုင်ငံတွင် သရေခေတ္တရာခေတ်မတိုင်မီကပင် သားရေတူရိယာ ပေါ်ထွန်းနေပြီဟု ဆိုကြသည်။ သရေခေတ္တရာခေတ် တရုတ်နိုင်ငံသွား ၃၅ ဦးပါ ပျူအနုပညာအဖွဲ့နှင့်အတူ ယူဆောင်သွားသည့်တူရိယာ ၂၂ မျိုးတွင် သားရေတူရိယာလည်း ပါဝင်ကြောင်း တရုတ်မှတ်တမ်းများက ဖော်ပြထားသည်။ ထို့ပြင် ပျူကြေးရုပ် ငါးရုပ်တွင် ဗုံတီးသမားပါဝင်ပြန်သဖြင့် ထိုကာလတွင် သားရေတူရိယာပေါ်ထွန်းနေပြီဟု ဆိုနိုင်သည်။

အင်းဝဘုရင်များလက်ထက် ဥကင်တော်ဖွင့် မင်္ဂလာအခမ်းအနားနှင့် ထွက်တော်မူသည့်အခမ်းအနားများတွင် ထည့်သွင်းတီးမှုတ်လေ့ရှိသော စည်အဖွဲ့ သုံးဖွဲ့အပါအဝင် တူရိယာများအနက် ပတ်စာကပ်၍ တီးရသော သားရေတူရိယာကို ဗုံ သို့မဟုတ် ဗုံသာဟူ၍ ခေါ်ဝေါ်သုံးစွဲသည်။

ဗုံအကြောင်းကို ရှေးရေးစာများတွင် ရေးကြသည်။ "မောင်လည်းဗုံသယ်၊ ဗုံသင်စမို့ လက်မလယ်၊ မယ်လဲအဲသယ်၊ အဲသင်စမို့ နှုတ်မလယ်၊ ဆိုပါဆိုလို့ ဆိုရချေတော့မယ်"ဟူသည့် ရှေးရေးအဲချင်းတစ်ပုဒ်တွင် ဗုံသယ်ယောကျ်ားလေးနှင့် အဲသယ်မိန်းမပျိုတို့အကြောင်းကို လှလှပပဖွဲ့ဆိုပြခဲ့သည်။ ပြည်နဝဒေးရေးသားခဲ့သော ဘုရားတိုင်ပိုဒ်စုံရတုပထမပိုဒ်တွင် "မှုတ်တီးငြင်းစောင်း၊ ပုံမောင်းနရည်၊ ရိုက်ကြည်းကြူးအိုင်၊ တက်လေးကိုင်၍၊ နှိုင်ပြိုင်မတောက်၊ ဖူးချင်ရောက်သော်"ဟု အသုံးပြုသည့် တူရိယာတို့တွင် ဗုံလည်းပါဝင်ကြောင်း ဖော်ပြထားသည်။

ရတနာပူရတတိယမြို့တည် မင်းတရားကြီးလက်ထက် မင်းလက်ဝဲသုန္ဒရအမတ်ကြီးစီရင်သော 'နန္ဒီသေနပျို့'ပိုဒ်ရေ ၈၈ တွင် "ပုံမောင်းပတ်သာ၊ တန်ဆာမှောက်တို၊ မိန်ညိုချပ်ကာ၊ ပူတာခွက်အုတ်၊ အထုပ်အပိုး"ဟု ရေးသားထားရာ စစ်ရှုံး၍ ထွက်ပြေးသည့် ကလိင်္ဂမင်း၏ဝန်းကျင်ဝယ် မြင်တွေ့ရသည့်မြင်ကွင်း၌ ပုံမောင်းတို့လည်း ပါဝင်ကြောင်း ဖော်ပြထားလေသည်။ ထိုကာလက စစ်သည်တို့၏ စစ်ထွက်ရာခရီးဝယ် စစ်သည်တို့ကို ဖျော်ဖြေရန်နှင့် စစ်ထွက်အားမာန်တို့အလို့ငှာ ဗုံများသယ်ဆောင်သွားကြကြောင်း သိနိုင်သည်။

သားရေတူရိယာပြုလုပ်ရာတွင် အသုံးပြုသောသားရေများမှာ ဆင်သားရေ၊ ခြင်္သေ့သားရေ၊ နွားနောက်သားရေ၊ နွားသားရေ၊ ချေသားရေ၊ ဆိတ်သားရေ၊ ကျွဲသားရေ၊ သိုးသားရေ၊ မြွေသားရေ၊ မိကျောင်းသားရေ၊ ငါးသားရေနှင့် ရှေးက တောတိရစ္ဆာန်အမျိုးမျိုး၏ သားရေများကို သားရေတူရိယာအဖြစ်ပြုလုပ်ရန် အသုံးပြုခဲ့ကြသည်။ သားရေတူရိယာအတွက် အကောင်းဆုံးသားရေမှာ နွားသားရေဖြစ်သည်ဟု မြန်မာအတီးပညာရှင်များက ဆိုကြသည်။

သားရေတူရိယာပြုလုပ်ရန်အတွက် သားရေကို ကားကြက်နေလှန်းခြင်းသည် သားရေပြုပြင်ခြင်းလုပ်ငန်းအဆင့်ဆင့်၏ 'ပထမအဆင့်' ဖြစ်သည်။ ရှေးဦးစွာ သားရေကိုရေတွင် တစ်ညတာနှစ်၍ စိမ်ထားရသည်။ သားရေနူးပါက နောက်တစ်နေ့ နံနက်တွင်ဆယ်ယူ၍ အမွေးကိုအောက်တွင်ထားကာ သားရေပြန့်ပြူးစေရန် မြေပြင်တွင် တင်းတင်းဆွဲ၍ ငုတ်ရိုက်ကာ ကားကြက်ရသည်။ တစ်နေ့တာ နေလှန်းရသည်။ ကားကြက်ပြီး ပြန့်ပြူးနေသော သားရေကို အမွေးထိုးရသည်။ အမွေးထိုးရာတွင် ပြာဖြူး၍ မန်ကျည်းသားအနှစ်ကို ဆောက်သဏ္ဌာန်ပြုလုပ်ပြီး အမွေးထိုးရသည်။ အမွေးနုများပြောင်၍ အမွေးကြမ်းများပါဝင်ပါက ဓားကောက်(ဂငယ်သဏ္ဌာန်ဓားကောက်)ဖြင့် ခြစ်ပစ်ရသည်။ အမွေးထိုးခြင်းနှင့်အတူ အတွင်းဘက်ရှိ အဆီပြင်များကို ဓားစူးဖြင့် ထိုး၍ ဆွဲခွာရသည်။ ထိုမှ သားရေချပ်ကို ဆန့်ခြင်း၊ ပြင်ဆင်ခြင်းနှင့် နန်းဆွဲခြင်းများ ဆက်လက်ပြုလုပ်ကြသည်။

သားရေတူရိယာအတွက် အသုံးပြုသော သစ်သားများမှာ ပိတောက်၊ ကုက္ကို၊ ယမနေ၊ သရက်၊ မအူ၊ ပျဉ်းမ၊ လက်ပံ၊ တောင်မရိုး၊ သစ်ရာ၊ ခူဆံ၊ ကျွန်း၊ စံကား၊ သပြေ၊ ပေါက်၊ ဒီးဒူး စသည်တို့ဖြစ်သည်။ ယနေ့ခေတ် သားရေတူရိယာတို့တွင် ပိတောက်သား၊ မြန်မာကုက္ကိုများကို အများဆုံးအသုံးပြုကြသည်။ သစ်သားကိုလည်း သစ်ရွေးခြင်း၊ ထွင်းထုခြင်း၊ ပွတ်ထိုးခြင်း စသည့် အဆင့်များကို ဖြတ်ကျော်ရသည်။

ပုံစံချောပြီးသော သစ်သားခွံ(အခြောက်)ကို သားရေကြွက်ရာတွင် တီးခတ်မည့် မျက်နှာပြင်ကို ရေဆွတ်၍ သစ်သားခွံအဝနှစ်ဖက်တွင် တုတ်ကြိုးဖြင့် ဆွဲ၍ကပ်ရသည်၊ ကြိုးတပ်ကြိုးတင်ခြင်း၊ သစ်စေးကွက်ခြင်း၊ ကြိုးခြားခြင်းနှင့် ကြိုးဆွဲခြင်းများပြုလုပ်ပြီးပါက တီးခတ်နိုင်သည့် သားရေတူရိယာအဆင့်ကို ရရှိလာလေသည်။

လူ့သမိုင်းနှင့်အတူ လိုက်ပါလာသော သားရေတူရိယာသည် မြန်မာ့မြေပေါ်တွင် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် သီးခြားရပ်တည်နေပြီဖြစ်သည်။ တူရိယာအစုတွင် အစုတစ်ခုဖြစ်လေသော သားရေတူရိယာသည် မြန်မာ့ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ လိုက်ပါဖွံ့ဖြိုးနေသည်ကိုလည်း တွေ့ရကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**


- မြန်မာ့စွယ်စုံကျမ်းအတွဲ(၇)
- မြန်မာ့သားရေတူရိယာ(မန်းညွန့်တင်)



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နိုင်ငံတကာရုပ်ရှင်ဆုတံဆိပ် ၁၁ ဆုရရှိထားသည့် မေတ္တာရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလဒုတိယပတ်တွင် ရုံတင်ပြသမည်




**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာ-အမေရိကန် ရုပ်ရှင်အနုပညာရှင်များ ရိုက်ကူးတင်ဆက်ထားပြီး နိုင်ငံတကာရုပ်ရှင်ဆုတံဆိပ် ၁၁ ဆု ရရှိထားသည့် မေတ္တာအမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလဒုတိယပတ်တွင် ရုံတင်ပြသမည်ဖြစ်ပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် တွဲဖက်ဒါရိုက်တာအဖြစ် တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဒေါက်တာ အကယ်ဒမီ ဂရေစ့်ဆွေဇင်ထိုက်က ပြောပြ၍ သိရသည်။

အဆိုပါမေတ္တာအမည်ရှိရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မေရီခင်အုန်းကြွေက ရေးသားထားပြီး နွေးနွေးစိန်မြင့်နှင့် မီမီလွင်က ဇာတ်ညွှန်းရေးကာ မန္တလေး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ Graham Streeter နှင့် တွဲဖက်ဒါရိုက်တာ ဒေါက်တာ ဂရေစ့်ဆွေဇင်ထိုက်တို့က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"မေတ္တာရုပ်ရှင်ဇာတ်ကားကြီးက မေရီကေရုပ်ဖောင်ဒေးရှင်းတည်ထောင်သူ အန်တီမေရီကိုယ်တိုင်ရေးသားထားတဲ့ မူရင်းဝတ္ထုမေတ္တာကနေတစ်ဆင့် ဇာတ်လမ်းအဖြစ် ပြန်လည်ကိုးကားပြောင်းလဲပြီး ရိုက်ကူးထားတာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ သရုပ်ဆောင် အကယ်ဒမီ လူမင်းနဲ့ အကယ်ဒမီ ထွန်းအိန္ဒြာဗိုတို့က အမေရိကန်နိုင်ငံကို တရားဝင်သွားရောက်ရိုက်ကူးခွင့် ရခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာ ရိုက်ကူးခဲ့တဲ့ ဇာတ်ဝင်ခန်းတွေအတွက် ဟောလီဝုဒ်ဒါရိုက်တာ Graham Streeter တာဝန်ယူခဲ့ပြီးတော့ မြန်မာနိုင်ငံက ဇာတ်ဝင်ခန်းတွေကိုတော့ ကျွန်မက တာဝန်ယူရိုက်ကူးခဲ့ပါတယ်။ ယခုနှစ် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တချို့မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောက်တိုဘာလထိ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေကနေ ဆုတံဆိပ်ပေါင်း ၁၁ ခု မြန်မာနိုင်ငံကို သယ်ဆောင်လာနိုင်ခဲ့တဲ့ ပထမဦးဆုံး မြန်မာ-အမေရိကန် နှစ်နိုင်ငံပူးပေါင်းရိုက်ကူးထားတဲ့ ဇာတ်ကားဖြစ်ပြီး အကျိုးအမြတ်တွေကို မိဘမဲ့ကလေးငယ်တွေကို လှူဒါန်းပံ့ပိုးမဲ့ ပရဟိတ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဒေါက်တာ အကယ်ဒမီ ဂရေစ့်ဆွေဇင်ထိုက်က ပြောပြသည်။

မေတ္တာအမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင်များအဖြစ် လူမင်း၊ ထွန်းအိန္ဒြာဗိုလ်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Deeper ထိတ်လန့်သည်းဖိုဇာတ်ကားသစ်အတွက် တွမ်ခရုဇ်နှင့် ဒေါက်ဂလပ်လီမင်တို့ ထပ်မံလက်တွဲမည်

**နယူးယောက် ဒီဇင်ဘာ ၂**

ကမ္ဘာကျော်မင်းသားတွမ်ခရုဇ်နှင့် ဒါရိုက်တာဒေါက်ဂလပ်လီမင်တို့သည် ရုပ်ရှင်ဇာတ်ကားသစ်တစ်ကားအတွက် ထပ်မံလက်တွဲပူးပေါင်းမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

တွမ်ခရုဇ်နှင့်ဒေါက်ဂလပ်လီမင်တို့သည် Edge of Tomorrow-2 ဇာတ်ကားတွင် အတူလက်တွဲခဲ့ဖူးသူများဖြစ်ကြသည်။

တွမ်ခရုဇ်နှင့်ဒေါက်ဂလပ်လီမင်တို့ လက်တွဲဖန်တီးမည့် ရုပ်ရှင်ဇာတ်ကားမှာ Deeper အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Deeper ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုမည့်အချိန်ကို မသိရသေးပေ။

The Deeper ဇာတ်ကားသည် ကမ္ဘာမြေ၏ အနက်ဆုံးအမှတ်အဖြစ်ယူဆရသော ချောက်နက်တစ်ခုအတွင်း ဆင်းသက်၍ စူးစမ်းရှာဖွေရန် ကြိုးစားခဲ့သော အာကာသယာဉ်မှူးဟောင်းတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Deeper ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်စ်လန်ဒစ်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# သူငယ်ချင်းမိထွေးအမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို M Entertainment Channel ရုပ်သံလိုင်းမှ ဒီဇင်ဘာ ၂၁ ရက်တွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂**

M Entertainment Channel ရုပ်သံလိုင်းမှ သူငယ်ချင်းမိထွေးအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် စတင်ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ တိုင်ရွှန်းက ပြောပြ၍ သိရသည်။

အဆိုပါ သူငယ်ချင်းမိထွေး မြန်မာရုပ်သံ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဝါဆိုမိုးဦးနှင့် ဖြိုးသဉ္ဇာကျော်တို့က ရေးသားထားပြီး ဖြိုးသဉ္ဇာကျော်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာနိုရာကိုက Bonanza film production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"မာနကြီးတဲ့ အမျိုးသမီးနှစ်ဦးကြားက ငြိုးမာန်ဖွဲ့ကလဲ့စားတွေအားပြိုင်ကြတဲ့အခါ ဖြစ်ပေါ်လာမဲ့ အချစ်ရေး၊ အိမ်ထောင်ရေးရှုပ်ထွေးမှုတွေနဲ့အတူ အငြိုးအာဃာတတွေရဲ့ အကျိုးဆက်တွေကို




ရသမြောက်စွာ ကြည့်ရှုရမဲ့ လေးပွင့်ဆိုင် အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါတယ်"ဟု သရုပ်ဆောင် တိုင်ရွှန်းက ပြောပြသည်။

သူငယ်ချင်းမိထွေး အမည်ရှိ မြန်မာရုပ်သံ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရဲအောင်၊ တိုင်ရွှန်း၊ နေထွဋ်၊ ဝါဆိုမိုးဦး၊ နော်ဖော်အယ်ထားနှင့် သရုပ်ဆောင်များစွာပါဝင်ထားပြီး M Entertainment Channel ရုပ်သံလိုင်းမှ ဒီဇင်ဘာ ၂၁ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ ည ၇ နာရီတွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကာ M Entertainment YouTube Channel တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ASH

# ဆိုနီ၏ Beatles ဇာတ်ကားများ၌ မင်းသားဘာရီကော့ဟန်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဒီဇင်ဘာ ၂**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Beatles ရုပ်ရှင် ဇာတ်ကားများတွင် မင်းသား ဘာရီကော့ဟန်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားများတွင် မင်းသား ဘာရီကော့ဟန်းသည် ကမ္ဘာကျော် Beatles ဂီတဝိုင်း၏ ဒရမ်သမား ရင်ဂိုစတားအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

ကမ္ဘာကျော် Beatles ဂီတအဖွဲ့၏ အတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သည့် Beatles ဇာတ်ကားများကို ဒါရိုက်တာဆမ်မင်းဒက်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Beatles ဇာတ်ကားများတွင် မင်းသားပေါမက်စကယ်၊ ဟားရစ်ဒစ်ကင်ဆင်နှင့် ဂျိုးဆက်ကွင်းတို့လည်း ပါဝင်ဖွယ်ရှိသည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိကြောင်း သိရသည်။

ဒါရိုက်တာ ဆမ်မင်းဒက်သည် Beatles ဇာတ်ကားကို အပိုင်းလေးပိုင်းခွဲ၍ ရိုက်ကူးရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ Beatles ဇာတ်ကား အပိုင်းလေးပိုင်း စလုံးအတွက် ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဆမ်မင်းဒက်ကပင် ရေးသားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Amazon ၏ Voltron ဇာတ်ကား၌ သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၂**

Amazon MGM စတူဒီယို၏ Voltron ဇာတ်ကားသစ်၌ မင်းသမီး အယ်လီဘာဘက်တစ္စတာ၊ သာရန်ယားသာရန်းနှင့် မင်းသား ဆမ်ဘွန်ကာယိုတို့လည်း ထပ်မံပါဝင်လာကြောင်း ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Voltron ဇာတ်ကားတွင် အထက်ပါသရုပ်ဆောင်များသည် မင်းသားဟင်နရီကာဗေး၊ မင်းသမီး ရီတာအော်ရာ၊ မင်းသားလွန်ကင်တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Voltron ဇာတ်ကားသည် နာမည်ကျော် ဂျပန်ကွန်ပျူတာ အင်နီမေးရှင်းကာတွန်းဇာတ်ကား တစ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Voltron ဇာတ်ကားကို ဒါရိုက်တာ ရော်ဆန်မာရှယ်သာဘာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာရော်ဆန်မာရှယ်သာဘာက ဇာတ်ညွှန်းရေးဆရာ အယ်လန်ရှန့်သင်းနှင့်အတူ ပူးတွဲရေးသားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Voltron ဇာတ်ကား ရုံတင်ပြသမည့်အချိန်ကို Amazon MGM စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# Monywa District grows over 1,000 acres of winter onions



A worker sorting out newly harvested onions.

**Monywa December 2**

A total of 1,189 acres of onions have been planted in this year winter crops planting season in Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

During the 2024-2025 winter crops planting season, 11,250 acres of onions are planned to be planted in Monywa District, and since October this year, 1,189 acres have been planted.

"We are working to be able to plant the targeted acres. Onion cultivation is as usual. We are helping the onion growers to connect with onion markets to get a good price," said Daw San San Myint, head of the Department of Agriculture for Monywa District.

The onion cultivation by townships in Monywa District are as per following: 411 acres in Monywa Township, 238 acres in Budalin Township, 155 acres in Ayadaw Township, and 385 acres in ChaungU Township, totaling 1,189 acres.

According to onion growers, one acre of onion costs around 1.8 million kyats, and the yield per acre is 5,000 visses.

206

# Kyaukmyaung Sub-township grows over 1,500 acres of winter millets

**Kyaukmyaung December 2**

A total of 1,544 acres of millets have been planted during this year winter crops planting season in Kyaukmyaung Sub-township, Shwebo District, Sagaing Region, according to statistics from the Department of Agriculture for Kyaukmyaung Sub-township.

During the 2024-2025 winter crops planting season in Kyaukmyaung Sub-township, 2,096 acres were earmarked for planting, and since June of this year, 1,544 acres have been planted.

"We are providing awareness for the success of millets, and providing awareness to prevent the spread of pest," said Daw Khin Win, head of the Department of Agriculture for Kyaukmyaung Sub-township.

In addition, during the 2024-2025 winter crops planting season, 10 acres of seed corns have been earmarked for planting in Kyaukmyaung Sub-township and at present, the department is planning to plant it.

In Kyaukmyaung Sub-township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats.

206



A millet plantation.

# Mawlaik Township cultivates over 1,000 acres of winter vegetables

**Mawlaik December 2**

A total of 1,175 acres of vegetables have been planted in this year winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, according to statistics from Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,679 acres of vegetables are planned to be planted in Mawlaik Township, and since October this year, 1,175 acres have been planted.

"The locals plant mustards, chili, spices, potatoes, cabbages and eggplant. We provide technology to farmers so that they can grow all vegetables under the GAP system. We are providing farmers with techniques to grow healthily with as little chemical residue as possible," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

This year, the Township Department of Agriculture is providing technical training to the vegetable farmers in Mawlaik Township to cultivate using the GAP method, providing them with techniques to make the vegetables produced from the plantations as healthy crops, and providing services for the farmers to expand their vegetable cultivation.

206

# 10 killed in Ecuador armed attack

**Quito December 2**

At least 10 people, including Ecuadorians and Colombians, were killed in an armed attack early Sunday in El Guabo, a town in the coastal province of El Oro in southern Ecuador, local media reported.

Witnesses said the armed assailants opened fire indiscriminately on several people sleeping in a rental house.

Initial investigations suggest the attack may be linked to ongoing conflicts between organized criminal groups, according to local police.

The incident was reported around 5:00 a.m. local time (10:00 GMT) after residents heard gunshots and discovered several bodies along a nearby road.

El Oro province has been under a state of emergency since Oct. 3, following a sharp rise in violence and insecurity. The measure, set to last 60 days, also applies to seven other regions of the country, including the capital, Quito, all grappling with escalating crime.

Since the beginning of the year, Ecuador has seen a surge in violence, including homicides, kidnappings, and extortion. In response, President Daniel Noboa declared an "internal armed conflict" in January against 22 criminal gangs labeled as "terrorist."

Xinhua

# UN urges immediate ceasefire, dialogue amid latest conflict in Syria

**Damascus December 2**

UN Resident Coordinator and Humanitarian Coordinator for Syria Adam Abdelmoula on Sunday urged an immediate cessation of hostilities in northwestern Syria's Aleppo and dialogue among relevant parties.

The recent escalation of violence in Aleppo starting from Wednesday has "resulted in the tragic loss of innocent civilian lives, including women and children, damage to civilian infrastructure, and the suspension of critical services," Abdelmoula said in a statement.

It came "at a time when countless people, many of whom have already endured the trauma of displacement, are now forced to flee once more, leaving behind their homes and livelihoods," Abdelmoula added.

"We urge all conflicting parties to immediately cease hostilities and prioritize the protection of civilians and aid workers," he said, adding, "The people of Syria must not endure more suffering, and we urge dialogue to be given an opportunity."

Prior to the recent influx of more than half a million returnees and refugees from Lebanon, there were more than 16.7 million people in Syria in need of humanitarian assistance, he noted.

Due to this latest violence, "even more lives now need to be urgently saved," he said.

Xinhua




People wait outside a hospital after armed groups fired shells at a dormitory complex in Aleppo city, northern Syria, on Nov. 29, 2024.

# Ngaputaw Township plans to grow more than 3,000 acres of corns in winter



A thriving corn plantation.

**Ngaputaw December 2**

Arrangements are being made to grow 3,766 acres of corns in Ngaputaw Township of Ayeyawady Region this cold season, said U Hsan Win, Head of Ngaputaw Township Agriculture Department.

Local farmers will grow the crops on 3,766 acres of croplands this cold season starting from the fourth week of November this year. In this regard, local farmers will grow 2,767 acres of corns in Ngaputaw Township, 712 acres in Hainggyikyun and 287 acres in Ngayokkaung.

U Hsan Win clarified: "Our department provides necessary assistance for local farmers to grow crops in the cold season without difficulties. In the near future, they will grow 3,766 acres of corns. The Agriculture Department and relevant departments are joining hands in assisting in cultivation of corns to meet the target cultivation. Arrangements have been made to boost per-acre yield of crps, produce quality crops and prevent pests in the croplands. Moreover, we raise farmer awareness for proper cultivation of crops."

This year, officials of Ngaputaw Township Agriculture Department make field trips to the croplands for prevention of pests to boost per-acre yield of crops without difficulties.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Merchants supply 85,000 viss of eel to Yangon market in October

**Bogale December 2**

Local merchants from Bogale Township in Ayeyawady Region sent 85,000 viss of eel to Yangon market in October, said Daw Aye Win, the owner of fishery product trading centre in Bogale Township.

They sent 60,000 viss of eel to Yangon market in September, compared with 85,000 viss in October.

Daw Aye Win commented: "Demand is notably high to purchase eel from Bogale. As export of eel resumes, high demand from abroad pushes eel trading in the market. In a month of October, merchants sent 85,000 viss of eel to Yangon market. They focus on sending eels to Yangon market only. Thanks to high demand of stock, those in production chain of eel are convenient in their livelihoods."

Fishery entrepreneurs from Bogale Township send fishery products to Yangon market only. Again, Yangon market distributes fishery products including eel to China, Thailand and Singapore. Eel fetches K16,500 per viss in the market.

Kyaw Kyaw Lin



Eels in a barrel for sale.

# Budalin Township cultivates over 3,000 acres of winter groundnuts

**Budalin December 2**

A total of 3,856 acres of groundnuts have been planted during this year winter crops planting season in Budalin Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for Budalin Township.

During the 2024-2025 winter crops planting season, 5,900 acres of groundnuts are planned to be planted in Budalin Township, and since October this year, 3,856 acres have been planted.

"We are making efforts to reach the target acres. Groundnut cultivation is developing successfully. As an oilseed crop, it is in a successful position. Groundnut cultivation is improving year by year," said U Phyo Wai, head of Department of Agriculture for Budalin Township.

It is reported that one acre of groundnuts is planted with one and a half basket of seeds, and the cost of seeds, labour, fertilizer, and pesticides is over 200,000 kyats. If one acre is planted, more than 50 baskets of seeds are produced.

206



A groundnut plantation.

# Tantse Township successfully completes 2,007 acres of winter paddy planting using GAP techniques

**Tantse December 2**

In the current year, during the winter crop planting season in the region of Tantse Township of Ye-U District, Sagaing Region, it has been reported by the Ye-U District Agriculture Department that 2,007 acres of winter paddy have already been successfully planted.

For the 2024-2025 winter crop planting season, the target for Tantse Township is to plant 2,007 acres of winter paddy. Planting began in October this year, and as of now, 2,007 acres have been completed.

The goal this year is to plant 2,007 acres of winter paddy in Tantse Township. Currently, we have successfully completed planting the targeted area. We are also working on expanding the acreage, improving crop yields, and promoting the use of GAP (Good Agricultural Practices) methods for better cultivation techniques," said U Zaw Myint Htun, the Head of the Ye-U District Agriculture Department.

In Tantse Township this year, farmers are being trained by the Township Agriculture Department on expanding cultivation areas, adopting efficient farming methods, utilizing GAP techniques, and cultivating high-quality and disease-resistant varieties with better yield rates.

Crops produced using the GAP system have been shown to be of higher quality compared to those grown with other farming methods. These crops not only fetch higher prices in domestic markets but can also be exported to international markets. As a result, farmers using the GAP system are expected to see greater economic benefits, improving their social and economic conditions.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက မြောက်ကိုရီးယားနှင့် နှစ်နိုင်ငံစစ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူ



ရုရှားသည် မြောက်ကိုရီးယားနှင့် နှစ်နိုင်ငံ စစ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ တွေ့ဆုံစဉ် ဆုံးဖြတ်ခဲ့သည်ဟု The Defense Post သတင်းဌာနက နိုဝင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံက ယူကရိန်းပဋိပက္ခတွင် ရုရှားကိုကူညီရန် စစ်အင်အား ၁၀၀၀၀ ကျော် စေလွှတ်ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံအပေါ် စွပ်စွဲပြောကြားထားပြီး အပြန်အလှန်အားဖြင့် ကင်ဂျုံအန်သည် ခေတ်မီနည်းပညာနှင့် ၎င်း၏တပ်ဖွဲ့ဝင်များတိုက်ပွဲဝင်အတွေ့အကြုံများရရှိရန် စိတ်အားထက်သန်နေခြင်းဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ပြောကြားခဲ့ကြကြောင်း သိရသည်။

နိုဝင်ဘာ ၂၉ ရက်က ရုရှားကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် ကင်ဂျုံအန်က ရုရှားနိုင်ငံအတွင်း ၎င်းတို့၏ လက်နက်များဖြင့် တိုက်ခိုက်ခွင့်ပြုခဲ့သော အနောက်အုပ်စုနိုင်ငံများ၏ ဆုံးဖြတ်ချက်ကို ပြစ်တင်ဝေဖန်ခဲ့ပြီး ပဋိပက္ခတွင် စစ်ရေးအရ တိုက်ရိုက်ဝင်ရောက်စွက်ဖက်နေခြင်းဖြစ်ကြောင်း၊ ရန်သူ့တပ်ဖွဲ့များကို လက်တုံ့ပြန်တိုက်ခိုက်ရန်အတွက် ရုရှားက ခုခံကာကွယ်ပိုင်ခွင့်ကို ပြတ်ပြတ်သားသား ကျင့်သုံးနေခြင်းလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် မဟာဗျူဟာမြောက် မိတ်ဖက်သဘောတူစာချုပ်တစ်ရပ်ကို ၂၀၂၄ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံစလုံးကို စစ်ရေးအရ အပြန်အလှန် နှောင့်နှေးမှုမရှိစေဘဲ အကူအညီပေးရန်နှင့် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကို ပူးတွဲဆန့်ကျင်ကန့်ကွက်ရန် တာဝန်ရှိသည်။ ရုရှားကာကွယ်ရေးဝန်ကြီး၏ခရီးစဉ်သည် နှစ်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်နှင့် တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ရန် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ရုရှားကာကွယ်ရေးဝန်ကြီးသည် နှစ်နိုင်ငံ၏နက်ရှိုင်းသော သံယောဇဉ်နှောင်ကြိုးအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံ၏ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒအပေါ် ချီးကျူးစကားဆိုခဲ့သည်။ မြောက်ကိုရီးယားသည် ၎င်း၏ နိုင်ငံခြားရေးမူဝါဒကို ပြန်လည်ချိန်ညှိရန် နည်းလမ်းတစ်ရပ်အဖြစ် ယူကရိန်းပဋိပက္ခကို အသုံးပြုနေကြောင်း လေ့လာသုံးသပ်သူများက အကြံပြုထားကြသည်။ စစ်သည်များစေလွှတ်ခြင်းဖြင့် မြောက်ကိုရီးယားသည် ရုရှား-ယူကရိန်းပဋိပက္ခတွင် လက်နက်၊စစ်ဘက်ဆိုင်ရာ အထောက်အပံ့နှင့် လုပ်အားပံ့ပိုးပေးသည့်နိုင်ငံအဖြစ် အစဉ်အလာအရ မဟာမိတ်၊ အိမ်နီးချင်းနှင့် အဓိကကုန်သွယ်ဖက် တရုတ်နိုင်ငံကို ကျော်ဖြတ်နေရာယူထားနိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့ ကြီးမားသောသဘာဝအရင်းအမြစ်များကို သုံးစွဲခွင့်ပေးထားသည်ဟုလည်း သိရသည်။ ရုရှားကာကွယ်ရေးဝန်ကြီးသည် ထိုကဲ့သို့သော အစီအစဉ်များကို ကောင်းစွာ ကိုင်တွယ်လုပ်ဆောင်နိုင်သူ၊ စီးပွားရေးကျွမ်းကျင်သူ တစ်ဦးဖြစ်ကြောင်း၊ အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် ကိုရီးယားအင်စတီကျူမှ အကြီးတန်းလေ့လာသုံးသပ်သူ Hong Min က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး တစ်ဦးအနေဖြင့် လက်နက်နှင့် စစ်ဘက်ဆိုင်ရာ အထောက်အပံ့များ အာမခံချက်ရှိစေရန်၊ ဒဏ်ခတ်ပိတ်ဆို့မှုများကို ရှောင်လွှဲရန်နှင့် စစ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးတို့ကို ကြီးကြပ်စီမံနိုင်ရန်အတွက် ရေရှည်မဟာဗျူဟာများကို အထူးကျွမ်းကျင်သူဖြစ်လာကြောင်း Hong က ပြောကြားခဲ့သည်။

**North Korea's Kim, Russian Min-ister Agree to Boost Military Ties ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က တရုတ်(တိုင်ပေ)သို့ ကန်ဒေါ်လာ ၃၈၅ သန်းတန်ဖိုး နိုင်ငံရပ်ခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကို သဘောတူခွင့်ပြု



အမေရိကန်နိုင်ငံသည် တရုတ်(တိုင်ပေ)သို့ တိုက်လေယာဉ်များနှင့် ရေဒါစနစ်များအတွက် အပိုပစ္စည်းများအပြင် ဆက်သွယ်ရေးစက်ပစ္စည်းကိရိယာများပါဝင်သည့် အမေရိကန်ဒေါ်လာ ၃၈၅ သန်းတန်ဖိုးရှိ အဆိုပြုထားသော နိုင်ငံရပ်ခြား စစ်ဘက်ရောင်းချမှုတစ်ရပ်ကို သဘောတူခွင့်ပြုပေးခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သည် တရုတ်(တိုင်ပေ)နှင့် တရားဝင် သံတမန်ဆက်ဆံရေးမရှိသော်လည်း ကျွန်း၏အရေးအပါဆုံး ကျောထောက်နောက်ခံပြု အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ကာ စစ်လက်နက်ပစ္စည်းများ အများဆုံးပံ့ပိုး ရောင်းချပေးလျက်ရှိသည်။ အမေရိကန်တပ်မတော်ပိုင် လက်နက်တိုက်ရှိ F-16 တိုက်လေယာဉ်နှင့် ရေဒါစနစ် အစိတ်အပိုင်းများရောင်းချရန် အဆိုပြုထားသည့်စာရင်းတွင် ပါဝင်နေပြီး ခန့်မှန်းခြေအမေရိကန်ဒေါ်လာ သန်း ၃၂၀ တန်ဖိုးရှိကြောင်း အမေရိကန်နိုင်ငံကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (DSCA) က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါအပိုပစ္စည်းများကို ၂၀၂၅ ခုနှစ်တွင် စတင်လွှဲပြောင်း ပို့ဆောင်ပေးနိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဤအဆိုပြုထားသော စစ်ဘက်ရောင်းချမှုသည် တရုတ်(တိုင်ပေ) လက်နက်ကိုင်တပ်ဖွဲ့များကို ခေတ်မီစေရန်နှင့် ယုံကြည်စိတ်ချရလောက်သော ခံစစ်စွမ်းရည်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှုများကို ပံ့ပိုးပေးခြင်းဖြင့် အမေရိကန်၏ အမျိုးသားရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။

တရုတ်(တိုင်ပေ)လေတပ်ရှိ F-16 တိုက်လေယာဉ်များ၏ စစ်ဆင်ရေးဆိုင်ရာ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို ထိန်းသိမ်းထားနိုင်ခြင်းဖြင့် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် လေကြောင်းစွမ်းအားများ တိုးတက်မြင့်မားစေမည်ဖြစ်သည်ဟု DSCA ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နောက်ဆက်တွဲသီးခြားရောင်းချပေးမှုတွင် နည်းဗျူဟာမြောက် ဆက်သွယ်ရေးစနစ်အတွက် လိုအပ်သော စက်ပစ္စည်း ကိရိယာများပါဝင်ပြီး အမေရိကန်ဒေါ်လာ ၆၅ သန်းတန်ဖိုးရှိကြောင်း သိရသည်။

DSCA သည် ကွန်ဂရက်သို့ လိုအပ်သော အကြောင်းကြားစာပေးပို့ခဲ့ရာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပေးခဲ့သည်။ တရုတ်နိုင်ငံသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တရုတ်(တိုင်ပေ)သို့မဟုတ် ထိုင်ဝမ်ကျွန်းကို တရုတ်နိုင်ငံ၏ပိုင်နက်နယ်မြေ အစိတ်အပိုင်းဖြစ်ကြောင်း အခိုင်အမာ ပြောကြားထားပြီး ကျွန်းကို အမေရိကန်နိုင်ငံက စစ်လက်နက်ရောင်းချနေမှုများ ကာလရှည်ကြာဆန့်ကျင်ကန့်ကွက်ခဲ့သည်။ တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနသည် အမေရိကန်၏ စစ်လက်နက်ရောင်းချမှုအတွက် ကျေးဇူးတင်ရှိသည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်လက်နက်ပစ္စည်းများသည် တရုတ်(တိုင်ပေ)လေတပ်၏ F-16 တိုက်လေယာဉ်များ တိုက်ပွဲဝင်အသင့်ဖြစ်မှုအတွက် အရေးပါပြီး လေကြောင်းရန် ကာကွယ်ရေးစွမ်းအားများကို ပိုမိုအားကောင်းစေလိမ့်မည်ဟု တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

တရုတ်(တိုင်ပေ)နှင့် အမေရိကန်တို့သည် လုံခြုံရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ခိုင်မာ အားကောင်းအောင် လုပ်ဆောင်သွားမည်ဖြစ်သည်ဟု တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ပါရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့က တရုတ်(တိုင်ပေ)ကို စစ်လက်နက်ရောင်းချမှုမှာ ယခုအကြိမ်နှင့်ဆိုလျှင် ၁၈ ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ တရုတ်(တိုင်ပေ)၏ကာကွယ်ရေးကို အားကောင်းစေရန် သန္နိဋ္ဌာန်ချထားကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**US Approves $385M Arms Sales to Taiwan ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၄၈၂၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**အရာတော် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၈၂၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၉၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၈၂၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တစ်ဧကလျှင် ၃၈ ဒသမ ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲဧက ၁၆၀၀၀ ကျော်ထိ စိုက်ပျိုးထားပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ မြေပဲတွေ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၃၀ ကျော် ထွက်ရှိကြောင်းသိရသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများအတွင်း ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဧရာတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၇၁၆ ဧက စိုက်ပျိုးသွားမည်

**ငပုတော ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဧရာတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၇၁၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ဧရာတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၇၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဧရာတ်ကောင်းမြို့အတွင်း ဗိုလ်ကိတ်ပဲ ဧက ၇၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့ ဗိုလ်ကိတ်ပဲတွေ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။



ယခင်နှစ်က ဗိုလ်ကိတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ငပုတောမြို့နယ် ဧရာတ်ကောင်းမြို့တွင် ဆောင်းသီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှု မှန်ကန်စေရန်၊ ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိစေရန် စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းထံမှသိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကမော့ကစင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမော့ကစင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်ခင်ဇာဝင့်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကမော့ကစင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က ကုန်ထုတ်လမ်းကို သတ်မှတ်ရက်အတွင်း အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ကမော့ကစင်ကျေးရွာ၌ အရှည် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ရိုစာခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်တွင် Box Culvert တစ်စင်း၊ ကွန်ကရစ်တံတား တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၂၄ သန်းဖြင့် ဒေါနကြယ်စင်ကုမ္ပဏီက တာဝန်ယူ၍ ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိ လယ်ဧက ၅၀၀ ကျော်မှ ထွက်ရှိသည့် ဒေသထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်ထံမှ သိရသည်။

**ကိုသက်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများ သွားရောက်ကြည့်ရှုလေ့လာ





**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြရာ ဦးစွာ နေပြည်တော်အမျိုးသားပြတိုက်သို့ရောက်ရှိပြီး နေပြည်တော် အမျိုးသားပြတိုက် Mini Thratre၌တာဝန်ရှိသူများက ပြတိုက်သမိုင်းကြောင်းကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသပြီး သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ လက်ဆောင်ပစ္စည်းများပြခန်း၊ သီဟာသနပလ္လင်ပြခန်းနှင့် နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်းတို့ကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိပုံစံတူကျောက်စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံးပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါးမြန်မာ့တွင်းထွက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသကြပြီး ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ ပြခန်းအောက်ထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များကို လေ့လာကြည့်ရှုကြသည်။

ညပိုင်းတွင် ဧည့်သည်တော်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ရုပ်ပွားတော်မြတ်ကြီးအားလုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီများတည်ထားဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှု အခြေအနေများနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ရေချမ်းနှင့်ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အင်္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် အဋ္ဌကထာ ဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ခေတ်မီကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထားသည့် ကျောက်စာရုံစေတီများကို စိတ်ဝင်တစားလေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

ရှေ့ဖုံးမှအဆက်

အလွတ်တန်းအမျိုးသား ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပြည်သူ့ပေါင်းလောင်း အားကစားကွင်း၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ လာရောက်အားပေးကြည့်ရှုကြသည်။

ယနေ့သည် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားအစီအစဉ်အလိုက် ကြိုတင်လေ့ကျင့်နေမှုကို တွေ့ရစဉ်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာနကိုယ်စားပြု အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှကျောင်းသား၊ကျောင်းသူများက ခေတ်ခြောက်ခေတ်ယိမ်းအကဖြင့် လေ့ကျင့်နေမှု၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ ဖျော်ဖြေရေးအဖွဲ့များက သက်ဆိုင်ရာ ဖျော်ဖြေရေးအစီအစဉ်များအလိုက် လေ့ကျင့်ဆောင်ရွက်နေမှု၊ Lighting System၊ LED၊ အသံစနစ်နှင့် မီးစနစ်များ ကြိုတင်စမ်းသပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အိမ်ပြင်ပဒ္ဓထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပုဂ္ဂလိက သစ်တောစိုက်ခင်းများနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိသစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ သစ်အခြေခံအသင်းအဖွဲ့များ၊ ကြိမ်ဝါးနှင့် ပရိဘောဂလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိမည်ဟုခန့်မှန်းကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်များဖြည့်ဆည်းပေးရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သစ်များရှာဖွေခြင်း၊ ဒေသတွင်းနိုင်ငံများ၏ ပြည်ပတင်ပို့မှု တင်သွင်းမှုအခြေအနေများကို လေ့လာပြီး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း။

သစ်အခြေခံပုဂ္ဂလိက ကဏ္ဍ၏ ပြည်ပဝင်ငွေမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄ သန်းကျော် ရရှိခဲ့ပြီး ယခုထက်ပို၍ရရှိအောင် လုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ဌာနအပိုင်းကလည်း လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သစ်၊ ဝါး၊ ကြိမ် အချောထည်များကို နည်းပညာအသုံးပြု၍ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အရေးများပိုမိုရရှိစေမည့်အပြင် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်သည့်အတွက် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဌာနနှင့် လုပ်ငန်းရှင်များပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသော သစ်၊ ဝါး၊ ကြိမ် အခြေခံအချောထည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ခုတ်လှဲထုတ်လုပ်ရောင်းချခြင်း၊ သစ်၊ ဝါး၊ ကြိမ် အချောထည်များနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ပြည်ပတင်ပို့ခြင်းကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် အုပ်စုအဖွဲ့များခွဲ၍ ဌာနနှင့် ပုဂ္ဂလိကစိုက်ခင်းကဏ္ဍမှ ကုန်ကြမ်းစဉ်ဆက်မပြတ်ရရှိရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) ကို ဆရာအတတ်ပညာရေး (Research on Teacher Education)၊ ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ အသုံးချသုတေသန (Applied Research on Arts and Science)၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံ (Research on Substainable Scientific Collaboration of Ocean and Earth Sciences)၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး (Research on MSMEs and TVET)နှင့် ဘာသာစကား အရင်းအမြစ်နှင့် ဉာဏ်ရည်တုနည်းပညာ (Research on Natural Language Processing–NLP and AI Technology) ကဏ္ဍငါးခု၌ နိုင်ငံတကာမိတ်ဖက်များနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ သုတေသနညီလာခံ၏ ဦးတည်ချက် (Theme)ကို **“ပညာရေး၊ သိပ္ပံနှင့် နည်းပညာ စွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်ကိုညွှန်ပြခြင်း”** (Navigating the future: Education, Science, and Technology for Brighter and More Prosperous Societies)ဟု ချမှတ်ထားပါကြောင်း။



မိမိတို့အနေဖြင့် နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီသည့် စာတမ်းများကို ရွေးချယ်ဖတ်ကြားခွင့်ပြုမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းနှင့် ပြည်ပ ပညာရှင်များက Keynote Address နှင့် Special Talk ပြောကြားခြင်း ကဏ္ဍများထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့တက်ရောက်လာသော ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် တင်သွင်းလာသည့် စာတမ်းများအပေါ် မိမိတို့အတွေ့အကြုံများ၊ သတ်မှတ်ထားသောစံနှုန်းများဖြင့် စဉ်းစားရွေးချယ်ပေးကြစေလိုကြောင်း၊ ယခုညီလာခံသည် နိုင်ငံတကာအဆင့်ညီလာခံဖြစ်သည့်အတွက် အောင်မြင်စွာကျင်းပနိုင်ရေး တက်ရောက်လာသူများအားလုံးက ပူးပေါင်းပါဝင်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စာတမ်းဦးတည်ချက်အုပ်စုအလိုက် အရည်အသွေးရှိ စာတမ်းများ စိစစ်အတည်ပြုရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို ရှင်းလင်းမှာကြားပြီး ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမိုးလွင်က လက်ခံရရှိထားသော စာတမ်းများကို အမျိုးအစားနှင့်ဘာသာရပ်နယ်ပယ်အလိုက် တင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ဆရာကြီး၊ဆရာမကြီးများက အုပ်စုခွဲ၍ စာတမ်းတစ်ခုချင်းအပေါ်တွင် ဆွေးနွေးသုံးသပ်ကာ နိုင်ငံတကာပညာရေးဆိုင်ရာ အသုံးချသုတေသနညီလာခံ(၂၀၂၅) စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**





☆ **ကျောဖုံးမှအဆက်**

စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ **ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့က တစ်ဖက် ငါးဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ **အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့က တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကိုလေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် **အမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ **ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၃)၊ (၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့ပြင် **ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ** ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကိုလေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အလားတူ **ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ**များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၊ မသန်စွမ်းအားကစားနည်း လေးနည်းတို့ ထည့်သွင်းကျင်းပလျက်ရှိရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ဖြစ်လာတော့မည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်

ပျံချီ
Living Myanmar Media

၂၀၂၃ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဆောင်ခရမ် ဟူသည့် ရေကစားပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုလိုက်သဖြင့် ၂၀၂၄ ခုနှစ် ထိုင်းနိုင်ငံ ဆောင်ခရမ်ပွဲတော်ကို ဝှဲချီး ကျင်းပကာ နာမည်ကျော်အနုပညာရှင်များဖြင့် Promotion ဆင်းကာ ခရီးသွားလုပ်ငန်းတိုးတက်စေရေး လုပ်ဆောင်ခဲ့ကြပါသည်။ ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ထိုင်းတို့က ခိုးသွားသည် ဆိုသူဆို၊ အစိုးရ အလုပ်မလုပ်ဘူး ဆိုသူဆို၊ ဒီတိုင်းကြည့်နေရမှာလား ဆိုသူဆို စသဖြင့် ဝေဖန်သံများစွာ ထွက်ပေါ်လာခဲ့ပါသည်။ ထိုင်းနိုင်ငံက ဆောင်ခရမ်ကို ICH(Intangible Cul-tural Heritage)ဟူသည့် ဒြပ်မဲ့ယဉ်ကျေးမှု UNESCO သို့တင်ရာတွင် ထိုင်းနိုင်ငံသားတို့ နှစ်စဉ်နှစ်တိုင်း ဆင်နွှဲသည့် ပွဲတော်တစ်ခုအနေဖြင့်သာ တင်ခဲ့ပြီး မြန်မာ့ရိုးရာအတာသင်္ကြန်၏ မူရင်းပုံစံဖြင့် တင်ခွင့်မရရှိခဲ့သည်ကို သိရှိသူနည်းပါးလှသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ကိုလည်း ICH စာရင်းဝင်ရန်အတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(Myanmar Cultural Heritage Trust )ကဲ့သို့ NGO အဖွဲ့များ၊ Living Myanmar Media Group နှင့် Ko Hein's Vlog ကဲ့သို့ မီဒီယာနှင့် ဆိုရှယ်မီဒီယာ အဖွဲ့များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် ပညာရှင်များနှင့် ပြည်သူများ ပူးပေါင်းကာ ၂၀၂၄ ခုနှစ်တွင် ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း ကြားသိရပါသည်။

ICH ဟူသည့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ယူနက်စကိုအဖွဲ့က ၂၀၀၈ ခုနှစ်တွင် စတင်သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးများ၏ ရိုးရာဓလေ့များ၊ အစဉ်အလာများ၊ ပွဲတော်များနှင့် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ထားပါသည်။ ရှေးဟောင်းမြို့တော်များ၊ သမိုင်းဝင်နေရာများကို ဒြပ်ရှိယဉ်ကျေးမှုအဖြစ် သတ်မှတ်ထားပြီးဖြစ်ရာ လူမျိုးတစ်ခုစီ၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခန်းကဏ္ဍသစ်တစ်ရပ် တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် Hard power နှင့် Soft power ကဲ့သို့ နိုင်ငံတစ်ခု၏အင်အားကိုပြသရာတွင် ပုဂံ၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းနှင့် ညောင်ကန်ဒေသကဲ့သို့ အခိုင်အမာရှိပြီးဖြစ်သော မြန်မာတို့၏ သမိုင်းအမွေအနှစ်များနှင့် ၁၂ လရာသီပွဲတော်၊ ဒေသအလိုက်ပွဲတော်များ၊ ဓလေ့များသည် မြန်မာ့သမိုင်း၏ Soft Power များဖြစ်သည်။ ယူနက်စကိုက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီသော ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို နှစ်စဉ် ဒီဇင်ဘာလအတွင်း ပြုလုပ်သော ညီလာခံတွင် မဲခွဲဆုံးဖြတ်ကာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းအသိအမှတ်ပြုကြပါသည်။

ထိုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံများ၏ တင်ပြချက်များကိုသာ အဆုံးအဖြတ်ပေးခြင်းဖြစ်ကာ နိုင်ငံများ၏အစိုးရများအနေဖြင့် ထိုလုပ်ငန်းစဉ်ကို ကိုယ်တိုင် First person အနေဖြင့် လုပ်ဆောင်၍ မရနိုင်ချေ။

**❖ နိုင်ငံတော်အစိုးရနှင့် ပြည်သူ နှစ်ဦးနှစ်ဖက် ညီညွတ်စွာ ဝိုင်းဝန်းလုပ်ဆောင်သည့် စည်းလုံးခြင်း၏ရလဒ်အနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသားများသည် ရိုးရာအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာက အသိအမှတ်ပြုသည့် ကိုယ်ပိုင်ရိုးရာပွဲတော်အဖြစ် ဂုဏ်ယူကာ ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။ ❖**

**❖ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည် မိမိတို့ကို ဘိုးဘေးတို့က အမွေပေးခဲ့ခြင်းဖြစ်ရာ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ရိုးရာအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းနိုင်သည်အထိ လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်လှပါသည်။ ❖**

အစိုးရအနေဖြင့် ထိုကဲ့သို့လုပ်ဆောင်နေသည့် အဖွဲ့အစည်းများကို သံတမန်ရေးရာအကူအညီနှင့် နောက်ကွယ်မှကူညီပံ့ပိုးပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာ တရားဝင်နည်းလမ်းများကို ကူညီဆောင်ရွက်ခြင်း စသည့် ကူညီထောက်ပံ့သည့် နေရာတွင်သာနေကာ ဆောင်ရွက်နိုင်ပါသည်။ ထိုအချက်ကို မြန်မာနိုင်ငံသားအများစု သိရှိခြင်းမရှိသည်ကို လွန်ခဲ့သောနှစ်တွင် တွေ့ရှိခဲ့ရသည်။ ထိုင်းနိုင်ငံ၏ ဆောင်ခရမ်ကို ICH တင်စဉ်ကပင် ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်ပြခြင်းမဟုတ်ဘဲ ဗန်ကောက်အခြေစိုက် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့များက ၂၀၂၂ ခုနှစ်တွင် တင်ပြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ၂၀၂၃ ခုနှစ်တွင် MCHT အဖွဲ့သည် Living Myanmar Media Group၊ Ko Hein's Volg စသည့် မီဒီယာများနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီးရှိ မြန်မာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပညာရှင်များ၊ ဒေသခံများဆီမှ ရိုးရာအတာသင်္ကြန်သည် မြန်မာနိုင်ငံသားများအားလုံး ပူးပေါင်းဆင်နွှဲလျက်ရှိသော မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်ပါသည် ဟူသည့်အချက်အလက်များဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်အသိအမှတ်ပြုနိုင်ရေး ယူနက်စကိုသို့တင်သွင်းခဲ့ကြပါသည်။ ထိုသို့တင်သွင်းရာတွင် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးတွင် ရိုးရာအတာသင်္ကြန်ကို ဆင်နွှဲနေကြသည့် ပုံရိပ်များ၊ ပညာရှင်များက မြန်မာ့ရိုးရာအတာသင်္ကြန်သည် မြန်မာတို့၏ မူပိုင်ရိုးရာ အမွေအနှစ်ဖြစ်ကြောင်း ဟိန္ဒူအယူအဆမှ မဟုတ်ဘဲ ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုအမွေအနှစ် အစစ်ဖြစ်ကြောင်း သမိုင်းဆိုင်ရာ သုတေသနပြုလုပ်ချက်များ စသဖြင့် သက်သေအထောက်အထားများကို ဗီဒီယိုများပြုလုပ်ကာ Footage အဖြစ် စာတမ်းနှင့်တကွ တင်ပြခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာ့ရိုးရာအတာသင်္ကြန်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုအဖြစ် စာရင်းသွင်းရန် ဆန်ခါတင်အဆင့်သတ်မှတ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိ ပါရာဂွေးနိုင်ငံတွင်ကျင်းပမည့် ယူနက်စကို၏ (၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာညီလာခံတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ကို မြန်မာတို့၏ ကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အတည်ပြုမဲခွဲဆုံးဖြတ်ရန် စီစဉ်ထားပါသည်။

ဤကဲ့သို့သော အောင်မြင်မှု၏နောက်ကွယ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှုများ၊ မြန်မာနိုင်ငံသားများ၏ ဝိုင်းဝန်းကူညီအားပေးမှု ရှိနေခဲ့ပါသည်။ အစိုးရက မည်မျှထောက်ပံ့စေကာမူ ဒေသခံပြည်သူများ၏ အားပေးမှုမရလျှင်သော်လည်းကောင်း၊ ပြည်သူတို့က မည်မျှအားပေးကူညီစေကာမူ သံတမန်ရေးရာနယ်ပယ်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် အစိုးရ၏ကူညီထောက်ပံ့မှု မရလျှင်သော်လည်းကောင်း မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အောင်မြင်မှုရရှိမည်မဟုတ်ပေ။ **နိုင်ငံတော်အစိုးရနှင့် ပြည်သူ နှစ်ဦးနှစ်ဖက် ညီညွတ်စွာ ဝိုင်းဝန်းလုပ်ဆောင်သည့် စည်းလုံးခြင်း၏ ရလဒ်အနေဖြင့် လာမည့် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသားများသည် ရိုးရာအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာက အသိအမှတ်ပြုသည့် ကိုယ်ပိုင်ရိုးရာပွဲတော်အဖြစ် ဂုဏ်ယူကာ ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။**

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အမွေအနှစ်စာရင်းဝင်ရန် ၁၂ လရာသီပွဲတော်များဖြစ်သည့် သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်ကဲ့သို့ ပွဲတော်များ၊ ပုန်းမကြည်ပွဲကဲ့သို့ ကျေးလက်ရိုးရာပွဲတော်များ၊ မနောပွဲ၊ ဒုံးယိမ်းပွဲနှင့် ကောက်သစ်စားပွဲကဲ့သို့ တိုင်းရင်းသားအသီးသီး၏ ပွဲတော်များ၊ တောင်ပြုန်းနှင့် ပခန်းရှိ ရိုးရာနတ်ပွဲများအပြင် မြန်မာ့သနပ်ခါး၊ ချိတ်လုံချည်၊ ငှက်ကြီးတောင်ဓား၊ ရုပ်သေးပညာ၊ ယွန်းပညာ၊ ဆိုင်းဝိုင်း၊ မြန်မာ့လက်ဝှေ့၊ ဗန်းတိုဗန်ရှည် စသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်နိုင်သော အမျိုးအစားပေါင်း ၂၀၀၀ ကျော် ပိုင်ဆိုင်ထားရှိပါသည်။ **မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များသည် မိမိတို့ကို ဘိုးဘေးတို့က အမွေပေးခဲ့ခြင်းဖြစ်ရာ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် ရိုးရာအမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းနိုင်သည်အထိ လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်လှပါသည်။** ယနေ့ခေတ်တွင် ကမ္ဘာတွင် Multicultural အဖြစ် ယဉ်ကျေးမှုများ ရောနှောဆက်သွယ်ရာတွင် နိုင်ငံအသီးသီးသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို နည်းလမ်းအမျိုးမျိုးဖြင့် ထိုးဖောက်လွှမ်းမိုးနိုင်ရန် ကြိုးစားလျက်ရှိသည်။ မိမိတို့သည် နဂိုယဉ်ကျေးမှု ကိုယ်ခံအားနည်းပါးပါက အခြားသော ယဉ်ကျေးမှုများ အလွယ်တကူလွှမ်းမိုးခံရကာ ကိုယ်ပိုင်ပုံရိပ်နှင့် အနှစ်သာရရှိသည့် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်သွားနိုင်မည့် အန္တရာယ်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် ရိုးရာအတာသင်္ကြန်ပွဲတော်ကဲ့သို့ပင် အခြားသော မိမိတို့၏ ကိုယ်ပိုင်ရိုးရာဓလေ့များ၊ ပွဲတော်များနှင့် အခြားအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်သည်အထိ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် NGO အဖွဲ့အစည်းများ၊ မီဒီယာများ၊ ဒေသခံများ ပူးပေါင်းကာ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၅ ခုနှစ်တွင် မြန်မာ့တို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ကမ္ဘာကအသိအမှတ်ပြုခံရတော့မည်ဖြစ်သည့် ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားပျော်ရွှင်စွာ ဆင်နွှဲကျင်းပနိုင်ရန် သတင်းစကားပါးလိုက်ရပါသည်။

## ''Kaiser'' လိပ်ပြာပုံ ငွေကျပ် ၂၀၀ တန် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် “Kaiser”လိပ်ပြာပုံ ငွေကျပ် ၂၀၀ တန် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၆ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဒီဇင်ဘာ ၆ ရက် (သောကြာနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ် ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**




## မိုင်းပြင်းမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့နံနက် ၁၁ နာရီ ၄၂ မိနစ် ၁၄ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၂၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မိုင်းပြင်းမြို့၏အရှေ့တောင်ဘက် ၁၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၂၆ ဒီဂရီ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လျှပ်စစ်မီတာခသက်သာဖို့
LED မီးသုံးကြစို့။







## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၈/ ၂၀၂၄ )
၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်
( ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ ၂ ရက် )

**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [ UNITY AND DEVELOPMENT PARTY (UADP) ]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ACE အိမ်ရာ စိန်ပန်းလမ်း ခြံအမှတ်(၂၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [UNITY AND DEVELOPMENT PARTY (UADP)]**ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ [UNITY AND DEVELOPMENT PARTY (UADP)]**၏ မှတ်ပုံတင်အမှတ်မှာ( ၅၅ ) ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းအား ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်ည ၈နာရီမှ ဒီဇင်ဘာ ၁ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း အခု ၄၃၃၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၉ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တောင်ကြီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(တောင်ကြီး) ဖွင့်ပွဲပြုလုပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက တောင်ကြီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(တောင်ကြီး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(တောင်ကြီး)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (တောင်ကြီး) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဘင်ခရာအဖွဲ့၊ ပန်းဖွားအကနှင့် တိုးနယားအကအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါကျောင်းခန်းမ၌ အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းရန်ပုံငွေအတွက် ထောက်ပံ့ငွေများနှင့် အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

# မြစ်ကြီးနားမြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးက တိုင်းစစ်ဌာနချုပ်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၄ (ရန်ကုန်)၊ ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၄၅/၂၀၂၄ (ရန်ကုန်)၊ ၄၆/၂၀၂၄ (ရန်ကုန်)၊ ၇၁/၂၀၂၄ (ဧရာဝတီ) စုစုပေါင်းတရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၅၉/၂၀၂၄ (ရန်ကုန်)၊ ၆၀/၂၀၂၄ (ရန်ကုန်)၊ ၆၁/၂၀၂၄(ရန်ကုန်)၊ ၆၈/၂၀၂၄(ရန်ကုန်)၊ ၇၂/၂၀၂၄(မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်(၁၁ / ၂၀၂၄)ထုတ်ပြန်

၁။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၀၀၀ ကျော်ရှိသည့်အနက် သန်းပေါင်း ၁၀၀၀ ကျော်သည် မသန်စွမ်းသူစာရင်းတွင် ပါဝင်နေပါသည်။ ထိုမျှသော မသန်စွမ်းသူများ၏အခန်းကဏ္ဍကို ပိုမိုသိရှိနားလည်စေရေးနှင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်ရန် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအခြေခံမှုများကို ၁၉၉၂ ခုနှစ် (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) ဖြင့် အတည်ပြုချမှတ်ခဲ့ပြီး နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုကာကွယ်ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities- CRPD)ချမှတ်အတည်ပြုပေးခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်က ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း ထိုသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုထားပါသည်။ ထို့ပြင် နိုင်ငံတော်အတွင်းရှိ မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုပြည့်ဝစွာရရှိခံစားနိုင်စေရန်နှင့် ပိုမို၍ကြည့်ရှုစောင့်ရှောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေကို ထုတ်ပြန်ပေးခဲ့ပါသည်။ မသန်စွမ်း သူများ၏အခွင့်အရေးများဆိုင်ရာနိုင်ငံတော်အဆင့် အမျိုးသားကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၇)ရေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် မသန်စွမ်းသူအရေးအတွက် မြင့်တက်လာသည်နှင့်အမျှ မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်နေသဘောထားများကို ပြုပြင်ပြောင်းလဲလျက် ရုပ်ဝတ္ထုအတားအဆီးများကို လျှော့ချပေးခြင်းဖြင့် မသန်စွမ်းသူများသည် ကဏ္ဍအသီးသီးတွင်ပါဝင်ဆောင်ရွက်ခွင့်ရရှိကာ အခြားသူများနည်းတူ အမှီအခိုကင်းစွာ ဘဝဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်မည်ဖြစ်ပါသည်။ ယခုနှစ်တွင်လည်း ကုလသမဂ္ဂကအပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဆောင်ပုဒ်အဖြစ် **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှုမြှင့်တင်ပေး" "Amplifying the leadership of persons with disabilities for an inclusive and sustainable future"**ဟူ၍ ချမှတ်ထားပါသည်။

၄။ ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (၂၀၃၀)အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏အခန်းကဏ္ဍကို အထူးအလေးပေးဖော်ပြထားသည့်အလျောက် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများဦးဆောင်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်လာနိုင်ရေး အားပေးဖော်ဆောင်ကြပါရန် ဒီဇင်ဘာ ၃ ရက်တွင်ကျရောက်သည့် (၃၂)နှစ်မြောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ဂုဏ်ပြုလျက်တိုက်တွန်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃ ရက်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ















နေပြည်တော် ဒီဇင်ဘာ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝါးခယ်မမြို့နယ် မင်းဝိုင်းရပ်ကွက်၌ လိုင်စင်မဲ့ Kenbo Wave-110 မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၉၁၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း သုံးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၆၉၀၀၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁၅ ဒသမ ၄၇၇ တန်၊ သစ်မာ သုည ဒသမ ၁၈၈ တန် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၂၅၀၆၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် နိုဝင်ဘာ ၃၀ ရက်၊ ဒီဇင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၅၄၇၉၅၀ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာသည့်ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှုမရှိနိုင်ခြင်းနှင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# ရွှေဘိုမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဈေးသည် သုံးဦးထံမှ ငွေကျပ် သိန်း ၃၀ သိမ်းဆည်းခြင်း၊ ဆိုင်ကယ်များကိုဖမ်းဆီးပြီး တစ်စီးလျှင် ငွေကျပ် သုံးသိန်းမှ အများဆုံး သိန်း ၂၀ ဖြင့် ပြန်ရွေးခိုင်းနေကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် သစ်ကြီးတောကျေးရွာမှ ဈေးသည် အမျိုးသမီး နှစ်ဦးနှင့် ပလိုင်းကျေးရွာမှ ဈေးသည်အမျိုးသမီးတစ်ဦးတို့မှ နိုဝင်ဘာ ၂၉ ရက်တွင် ရွှေဘိုမြို့ပေါ်၌ ဈေးဝယ်ရန်အတွက် ဆိုင်ကယ်ဖြင့်လာရောက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုင်ကယ်လိုင်စင်မရှိ၍ ဈေးဝယ်ရန်ပါလာသည့် ငွေကျပ် သိန်း ၃၀ နှင့် ဆိုင်ကယ်များကို သိမ်းဆည်းသွားကြောင်း၊ ရွှေဘိုမြို့ပေါ်တွင် ဆိုင်ကယ်များကိုဖမ်းဆီးပြီး ငွေကျပ် သုံးသိန်းမှ သိန်း ၂၀ ထိပေး၍ ပြန်လည်ရွေးယူရကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရွှေဘိုမြို့နယ်အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေးနှင့် ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်သွားလာနိုင်ရေးအတွက် လုံခြုံရေးစစ်ဆေးဆောင်ရွက်မှုများရှိသော်လည်း လုံခြုံရေးနှင့်မသက်ဆိုင်သည့်ကိစ္စများကို ဆောင်ရွက်ခြင်းမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်၊ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများစိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေရန်နှင့်အကြမ်းဖက်သမားများ လွယ်ကူစွာဝင်ထွက်သွားလာနိုင်စေရန်အတွက် သတင်းတု၊ သတင်းမှားများကိုလုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




## သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"စိတ်ကူးယဉ်ပလ္လင်ပေါ်က လေလှိုင်းအစိုးရရဲ့ ပညာရေးကို ယုံစားမိလို့ ဒုက္ခရောက်ရတဲ့လူငယ်များ"**ခေါင်းစဉ်ဖြင့် ၄-၁၂-၂၀၂၄ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အစွန်းရောက်အကြမ်းဖက်တွေရဲ့ တော်လှန်ရေး ခေါင်းစဉ်အောက်မှာ အသက်၊ ငွေကြေး၊ ဘဝတွေ ရင်းနှီးနေရသော ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာနှုန်းဖြင့် မြေယာများပျက်စီးပြီး သဲကန္တာရဆန်သောမြေယာဖြစ်လာမှု ပိုများလာကြောင်း UNCCD ထုတ်ပြန်



နယူးယောက် ဒီဇင်ဘာ ၂

ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာနှုန်းဖြင့် မြေယာများ ပျက်စီးပြီး သဲကန္တာရဆန်သော မြေယာဖြစ်လာမှု ပိုများလာသည်ဟု အမေရိကန်အခြေစိုက် သဲကန္တာရဆန်သောမြေယာများ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြေယာပျက်စီးမှုသည် နှစ်စဉ် တစ်စတုရန်းကီလိုမီတာနှုန်းဖြင့် ပျက်စီးနေကြောင်း၊ ထိုသို့ဖြစ်ရခြင်းသည် ကမ္ဘာ့တစ်ဝန်းတွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းများကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တည်ငြိမ်စေရေး ထိန်းချုပ်ရန် လိုလာကြောင်း UNCCD ၏ လေ့လာမှုတွင် ဖော်ပြခဲ့သည်။

ပျက်စီးသွားသော မြေယာအကျယ်အဝန်းသည် အန္တာတိကတိုက်၏ အကျယ်အဝန်းထက် ပိုမိုကျယ်ဝန်းပြီး မြေယာများ ပျက်စီးစေမှုမှ ရှောင်ရှားရန် လူသားနှင့် သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်စေသော စီမံချက်များကို ဆောင်ရွက်ရန် လိုလာကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများ၏ သိပ္ပံနည်းကျ အစီရင်ခံစာတွင် တောင်းဆိုထားသည်။

“မြေယာရဲ့ အရေးပါမှုကို လျစ်လျူရှုကာ အရေးယူဆောင်ရွက်မှုများပြုလုပ်ဖို့ ပျက်ကွက်ပါက အကျိုးဆက်တွေက လူမှုစီးပွားဘဝမှာ ထိခိုက်ဆုံးရှုံးမှုတွေကို ဖြစ်ပေါ်စေမှာဖြစ်ပြီး နောင်လာနောက်သားတွေအတွက် အကျပ်အတည်းတွေကို ဖြစ်စေမှာဖြစ်ပါတယ်” ဟုUNCCD၏အမှုဆောင်အတွင်းရေးမှူး အီဘရာဟင် သီယာက ပြောကြားခဲ့သည်။

အစီရင်ခံစာတွင် သဲကန္တာရဆန်သော မြေယာဖြစ်လာမှု၏ အဓိက အကြောင်းတရားမှာ သစ်တောပြုန်းတီးမှုကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး အလေ့အကျင့်များဖြစ်သော ဓာတုဗေဒသွင်းအားစုများ၊ ပိုးသတ်ဆေးများနှင့် ရေလွှဲပို့မှုတို့ကို ပြင်းထန်စွာ အသုံးပြုခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# နီဘရက်စ်ကာပြည်နယ်ဒေသခံများ လေထုညစ်ညမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရ

ဝါရှင်တန် ဒီဇင်ဘာ ၂

အမေရိကန်နိုင်ငံ နီဘရက်စ်ကာပြည်နယ် အနောက်ဘက်ပိုင်းတွင် တောမီးမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် နီဘရက်စ်ကာပြည်နယ် အရှေ့ဘက်ပိုင်းတွင် နေထိုင်သော ဒေသခံများ လေထုညစ်ညမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း National Bureau of Economic Research အဖွဲ့အစည်းက သုတေသနရလဒ်များနှင့်တကွ ထုတ်ပြန်သွားခဲ့သည်ဟု ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

သုတေသနရလဒ်အရဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုပမာဏသည် ကျန်းမာရေးလုံခြုံမှုကိုပါ ထိခိုက်စေနိုင်သည့်အဆင့် ဖြစ်နေကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သည့် ရောဂါများကြောင့် အရွယ်မတိုင်မီ သေဆုံးခဲ့ရသူဦးရေ ၁၀၀၀၀ ထက် မနည်းရှိခဲ့ပြီး အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုဦးရေ ၂၀၀၀၀၀ ကျော်ထိ ဆေးကုသမှု ခံယူခဲ့ရကြောင်း သုတေသီများကထုတ်ပြန်ခဲ့သည်။

“နီဘရက်စ်ကာပြည်နယ် အရှေ့ဘက်ပိုင်းမှာတော့ လေထုညစ်ညမ်းမှုတွေ မြင့်တက်နေတယ်။ အမေရိကန် အနောက်အလယ်ပိုင်း ပြည်နယ်တွေမှာ လေထုညစ်ညမ်းမှုတွေ သိသိသာသာ လျော့ကျလာတယ်။ လေထုသန့်စင်မှုပမာဏ မြင့်တက်လာအောင် ပိုမိုထိရောက်တဲ့ နည်းလမ်းတွေတော့ ဆက်လက်ရှာဖွေဖို့ လိုအပ်နေပါတယ်” ဟု National Bureau of Economic Research မှ ပြောရေးဆိုခွင့်ရ သုတေသီတစ်ဦးဖြစ်သူ မိုလီတာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat



# တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော U.N. INC-5 အစည်းအဝေးတွင် ပလတ်စတစ်သုံးစွဲမှုရပ်ဆိုင်းရေးနှင့်ပတ်သက်၍ သဘောတူညီမှုမရခဲ့

ဆိုးလ် ဒီဇင်ဘာ ၂

တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ ကျင်းပပြုလုပ်ခဲ့သော U.N. Intergovernmental Negotiating Committee (INC-5) အစည်းအဝေးတွင် ပလတ်စတစ်သုံးစွဲမှုရပ်ဆိုင်းရေးနှင့် ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုမရရှိခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

U.N. Intergovernmental Negotiating Committee (INC-5) အစည်းအဝေးသည် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးဆိုင်ရာ ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုရန် ဦးစားပေး ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ အစည်းအဝေးပွဲတွင် ဆွေးနွေးမှု သဘောတူညီချက်မရရှိခဲ့ခြင်းမှာလည်း ပဋိညာဉ်စာချုပ်ပါ အခြေခံအချက်အလက်များကို အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံများ၏ ကိုယ်စားလှယ်များက လက်မခံနိုင်သည့်အတွက် ပဋိညာဉ်စာချုပ်ချုပ်ဆိုနိုင်မှု မရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပဋိညာဉ်စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိစေရန်အတွက် ရေနံဓာတုထုတ်လုပ်သည့်နိုင်ငံများက နည်းပေါင်းစုံသုံး၍ ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးပဋိညာဉ်စာချုပ် ချုပ်ဆိုဖို့အတွက် ဆွေးနွေးမှုပြုလုပ်ခဲ့ရာမှာ အောင်မြင်မှု မရခဲ့ပါဘူး။ ပဋိညာဉ်စာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် အစည်းအဝေး ထပ်မံပြုလုပ်သွားမှာဖြစ်ပြီး စာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် ထပ်မံကြိုးစားသွားမှာဖြစ်ပါတယ်” ဟု U.N. Intergovernmental Negotiating Committee (INC-5) အစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော လူးဝစ်ဗာယက်စ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ထိုင်းနှင့်မလေးရှားနိုင်ငံတို့တွင် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးရေကြီးရေလျှံမှုများကြောင့် သေဆုံးသူအရေအတွက် တိုးလာ

ဖန်ကောက် ဒီဇင်ဘာ ၂

ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူအရေအတွက် တိုးလာကြောင်း ထိုင်းနိုင်ငံအာဏာပိုင်များက ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးရေကြီးမှုကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံ မြောက်ပိုင်းတို့တွင် သေဆုံးသူဦးရေသည် အနည်းဆုံး ၁၂ ဦးထိ မြင့်တက်လာခဲ့ကြောင်း၊ ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ရေကြီးမှုကြောင့် အိမ်ထောင်စု ငါးသိန်းကျော်ထိခိုက်ခဲ့ပြီး သေဆုံးသူ ကိုးဦးထိရှိကြောင်း၊ ရေဘေးသင့်ဒေသများတွင် ယာယီခိုလှုံရာ နေရာများ ဆောက်ရွက်ပေးထားကြောင်းနှင့် အဆိုပါနေရာများတွင် ရေဘေးသင့်ပြည်သူ သောင်းချီရှိကြောင်း ထိုင်းနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးရေးဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည်။

အလားတူအိမ်နီးချင်း မလေးရှားနိုင်ငံတွင်လည်း ရေကြီးမှုကြောင့် ပြည်နယ်ကိုးခုရှိ လူပေါင်းခြောက်သိန်းကျော် ထိခိုက်ခဲ့ပြီး သုံးဦးသေဆုံးခဲ့ကြောင်း မလေးရှားအမျိုးသားသဘာဝဘေးအန္တရာယ် ကွပ်ကဲမှုစင်တာမှ သိရသည်။

ထိုင်းနိုင်ငံ တောင်ပိုင်းရှိဒေသအများအပြားတွင် လာမည့်သီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ထပ်မံဖြစ်ပေါ်နိုင်သည်ဟု ထိုင်းမိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဖန်ဂယ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ချင်နိုင်းမြို့တွင် သေဆုံးသူ လေးဦးရှိခဲ့ပြီး လေကြောင်းခရီးစဉ်များ ရပ်နားထားရ

နယူးဒေလီ ဒီဇင်ဘာ ၂

အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် ချင်နိုင်းမြို့တွင် နိုဝင်ဘာ ၃၀ ရက်က ဖန်ဂယ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့်သေဆုံးသူလေးဦး ရှိခဲ့ပြီး ချင်နိုင်းလေဆိပ်ကို ယာယီပိတ်ထားကာ လေကြောင်းခရီးစဉ်ပေါင်း ၂၂၆ ခုကိုလည်း ယာယီရပ်နားထားရကြောင်း အိန္ဒိယ အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အစည်း (NDMA) က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

မိုးရွာသွန်းမှုကြောင့် မိုးရေချိန်မှာ ၉ စင်တီမီတာမှ ၁၃ စင်တီမီတာထိ မြင့်မားနေပြီး မိုးရေချိန်မြင့်မားနေသည့် ခရိုင်ပေါင်း ၁၃ ခရိုင်ထိရှိနေကြောင်း၊ ဗီလူပူရမ်နယ်မြေ၊ ကာလာကူရီချီနယ်မြေနှင့် ကက်ဒါလိုနယ်မြေတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးရေချိန်မြင့်တက်မှုအနီရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း၊ မိုးရွာသွန်းမှု အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားသော နယ်မြေများရှိ ကုန်းနိမ့်ပိုင်းတွင် နေထိုင်သည့်ဒေသခံများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အိန္ဒိယအမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အစည်း(NDMA) က ထုတ်ပြန်ခဲ့သည်။

သက်ဆိုင်ရာနယ်မြေအလိုက်မှ အာဏာပိုင်အဖွဲ့အစည်း၏ သတင်းပေးပို့ချက်အရ နယ်မြေတချို့တွင် ရေကြီးရေလျှံမှု စတင်ဖြစ်ပွားနေပြီး ရေလွှမ်းနေသည့် အဓိကလမ်းမကြီး ၅၃ လမ်းကိုလည်း ယာယီပိတ်ထားရကြောင်း၊ အိန္ဒိယ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့အစည်း(NDMA)က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၃ ရက်ထိ မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းနိုင်သည့်အတွက် ရေဘေးအန္တရာယ်ဖြင့် မလွဲမသွေရင်ဆိုင်ရတော့မည့် အခြေအနေဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကဏ္ဍ

# ပျော်ပျော်ပါးပါး ပျော်ပွဲစား

ညိမ်းညို



(၁)

ဇန်နဝါရီလ၏ တနင်္ဂနွေတစ်ရက်တွင် ဖြစ်ပါသည်။ ကျပ်ပြင်အထက ကျောင်းဝင်းကြီးအတွင်းရှိ ဆရာဦးတိုး၏ အိမ်ခန်းဆောင်ရှေ့တွင် အရောင်အသွေးစုံ ငါးတန်းကလေးငယ်များ စုရုံးစုရုံးရှိနေကြသည်။

ပဥ္စမတန်း(က)မှ မောင်ရေချမ်းတို့တစ်တွေဖြစ်သည်။ စုစုပေါင်း ငါးဆယ်ခန့်ရှိမည်။ သူတို့ ကိုယ်စီ၌ ကျောပိုးအိတ်၊ လက်ဆွဲခြင်း၊ ရေဘူး၊ ခေါက်ဖျာ၊ မြေခင်းစသည်ဖြင့် ပစ္စည်းများ စုံနေအောင်ပါကြသည်။ မုန့်များလည်း အစုံပါကြသည်။

ပဥ္စမတန်း(က)မှ ကျောင်းသူ၊ ကျောင်းသားများသည် ရေထွက်ကြီးကျေးရွာသို့ ပျော်ပွဲစားထွက်ကြမည်ဖြစ်သည်။ မောင်ရေချမ်းတို့ သူငယ်ချင်းလေးယောက်အပါ အားလုံးပျော်ရွှင်နေကြသည်။

ဆရာဦးတိုး၏ဇနီး အန်တီငယ်လည်း အလုပ်ရှုပ်နေသည်။ သို့သော် သူ့မျက်နှာသည် ပြုံးရွှင်ပြီး အမြဲကြည်လင်နေ၏။ ဆရာဦးတိုး အပြုံး၊ အရယ်နည်းသလောက် အန်တီငယ်က မျက်နှာချိုသည်။ ကျောင်းသူကလေးများက အန်တီငယ်ကို ဝိုင်းကူကြသည်။

အားလုံးပြင်ဆင်ပြီး ရှစ်နာရီလောက်တွင် ဆရာဦးတိုးဦးဆောင်ပြီး သူတို့အားလုံး ထွက်လာကြသည်။ အန်တီငယ်က စတီးထမင်းအိုးကြီးနှစ်လုံးနှင့် ငါးကြော်၊ ပဲနှပ်၊ ငရုတ်သီးခြောက်ကြော်တို့ကို ဆိုင်ကယ်ဖြင့် အရင်ပို့နှင့်စေသည်။ အိလှိုင်မိုး၏အစ်ကိုက ပို့ပေးခြင်းဖြစ်သည်။ အိလှိုင်မိုးတို့အိမ်က ကျောင်းနှင့်နီးသည်။ ထိုအချိန်က ဆိုင်ကယ် ပေါပေါများများမရှိသေး။ ရပ်ကွက်တစ်ခုမှာ တစ်စီးတလေလောက်သာ ရှားရှားပါးပါ ရှိသေး၏။

မယ်နန်းကြည်တောင်ခြေရှိ နာရီစင်ကြီးအရောက်တွင် သူတို့အားလုံး ချွေးစို့နေကြပါပြီ။

မောင်ရေချမ်းတို့ ယောကျ်ားလေးများက မိန်းကလေးများထံမှ လေးမည်ထင်သည့် အရာများကို ကူသယ်ကြသည်။ မိုးလုံ၊ လေလုံအားကစားရုံကို ကျော်ပြီး မြို့မဈေးရပ်ကွက်အလွန်တွင် ဘယ်ဘက်ရှိတောင်ကြောကြီးပေါ်သို့ ချိုးတက်လိုက်ကြသည်။ မန္တလေး-မိုးကုတ်လမ်းမကြီးသည် မောင်ရေချမ်းတို့၏ အောက်ဘက်တွင် ကျန်ရစ်ခဲ့၏။

လမ်းဘေးဘယ်ညာတစ်လျှောက်တွင် တောင်နေကြာများ အဆုပ်လိုက်အထွေးလိုက် ပေါက်နေကြသည်။ မြေသားမွမွသာမဟုတ်၊ ကျောက်ကြိုကျောက်ကြားအထိ ရဲရဲတင်းတင်းပေါက်ရောက်နေကြသည်။ အဆင်းမှာ ဝါရွှေထိန်တောက်၍ ရဲရင့်သလောက် အနံ့မှာ မရိုင်း၊ ယဉ်ယဉ်ကလေးနှင့် သင်းသည်။

လီဆူအမျိုးသားကြီးများကို မြည်းများနှင့် ဖြတ်သွားဖြတ်လာတွေ့ရသည်။ မြည်းပေါ်တွင် ပြောင်းအိတ်များ၊ ကုန်စည်များကို ကုန်းနှီးဖြင့် တင်ထားကြသည်။ လူများကတော့ မြည်းနှင့်အတူ ခြေကျင်ခရီးသာဖြစ်၏။ မောင်ရေချမ်းတို့ တောင်ပေါ်မြို့ကလေးတွင် မြည်းကို အသုံးများကြသည်။ မြည်းများသည် မြင်းကဲ့သို့ မထွားကျိုင်းသော်လည်း အလွန်သန်မာပြီး အပင်ပန်းခံနိုင်သည်။ ခြေကုပ်မြဲမြံပြီး တောင်ပေါ်ဒေသနှင့် ကိုက်ညီသည်။

ဂေါ်ရခါးအမျိုးသမီးကြီးများကိုလည်း ပလိုင်းများလွယ်လျက် တွေ့ရပါ၏။ သူတို့ ပလိုင်းလွယ်ပုံမှာ တစ်မျိုးဖြစ်သည်။ ကျောဘက်တွင် ပလိုင်းခြင်းကိုမှေးတင်ပြီး အထိန်းကြိုးကို နဖူးတွင် ချိတ်ထားခြင်းဖြစ်သည်။ ခြင်းကြီးက အကြီးကြီး။ အသီးအနှံများကလည်း အပြည့်အသိပ်။ တောင်ပေါ်ခရီးတွင် လေးလေးပင်ပင် လျှောက်လှမ်းနေကြရပုံကို မောင်ရေချမ်း သနားနေမိသည်။

စိုးသော်တာတို့၊ မျိုးမြင့်တို့က ထူးဆန်းနေကြသည်။ သန္တာတို့၊ စိုးစိုးတို့လည်းပါသည်။ သူတို့ကို ကြည့်ရသည်မှာ သည်လို တောထဲ၊ တောင်ထဲကို တစ်ကြိမ် တစ်ခါမျှ ရောက်ဖူးသေးဟန် မတူပါ။ လမ်းသွားရင်း တောင်နေကြာပင်ကို လက်ဖြင့်တို့ထိကာ မြူးတူး ပျော်ရွှင်နေကြသည်။

''ကလေးတို့ ခဏနားမယ်''

အန်တီငယ်က ချွေးသုတ်ရင်း လှမ်းပြောသည်။ လူတန်းကြီး ရပ်သွားကြ၏။

''မင်းတို့က ရှေ့ကိုမဲနေတာကိုးကွ။ နောက်ကို လဲပြန်လှည့်ကြည့်လိုက်ကြပါအုံး''

ဆရာပြောမှသတိရသွားကြသည်။ သူတို့အားလုံး နောက်ကျောဘက်သို့ လည်ပြန်လှည့်ကြည့်ပြီး အာမေဋိတ်သံတွေ မျိုးစုံထွက်လာကြ၏။

''အိုး လှလိုက်တာဟယ်။ ငါဖြင့် တစ်ခါမှ မမြင်ဖူးဘူး''

စိုးစိုးက မျက်လုံးလေးပြူး၍ ပြောသည်။

''အေးဟယ်။ ငါတို့ကိုလဲ ကြည့်ပါအုံး။ တကယ့်ပန်းခင်းကြီးထဲ ရောက်နေတာ။ပြီးတော့ အမြင့်ကြီးမှာနော်၊ အိမ်တွေ၊ ကားတွေက ငါတို့အောက်မှာ”

သက်ထားဦးကလည်း အားကျမခံပြောသည်။ သူက ကစားခုန်စား ဝါသနာပါသူမို့ အမောခံနိုင်သည်။ သူတို့သည် တောင်ခါးပန်းအလယ်တွင် ရောက်နေကြခြင်းဖြစ်သည်။

အောက်ဘက်မှ မြို့ကလေးကို စီးမိုးပြီးမြင်နေရသည်။ အောင်နီလာရပ်ကွက်သည် အနီးဆုံးဖြစ်၏။ ကျောက်မျက်တူးဖော်သည့်နေရာများမှာ ကာလကြာရှည်သဖြင့် လူနေအိမ်ခြေများနှင့် တစ်ဆက်တည်းရှိနေကြသည်။ မြေစာပုံကြီးများ၊ ရေအင်းဖြစ်နေသည့် ချိုင့်ဝှမ်းကြီးများ၊ ကလိုင်ပေါက်ကြီးများကို စိတ်မသက်သာဖွယ် တွေ့ကြရသည်။ ထိုအရာများနှင့် ဘေးချင်းယှဉ်လျက် မန္တလေး-မိုးကုတ် ကားလမ်းမကြီးသည် ပန်းကနုတ်များသဖွယ် ကွေ့ဝိုက်၍ ရှိနေပါ၏။

''ငါတို့အိမ်ကွ။ တွေ့ပြီ တွေ့ပြီ။ တော်တော်လှတာပဲ။ ဟာ နေအုံး။ ကျော်ကျော်ထူးတို့ အိမ်က ခေါင်မိုးပဲ မြင်ရပါလားကွ ဟား ဟား''

ပိုင်မင်းဌေးက တစ်နေရာကို လက်ညှိုးထိုးထိုးပြပြီး မြူးရွှင်နေသည်။ ကျန်သူများကလည်းလိုက်ကြည့်ကြသည်။ သူ့အိမ်ဆိုသည်ကို သူကလွဲလို့ ဘယ်သူမှ ကောင်းကောင်းမတွေ့ကြ။ သူ့ကို အားကျပြီး ကိုယ့်ရပ်ကွက်၊ ကိုယ့်အိမ် အသီးသီးလိုက်ရှာကြ၊ ငြင်းခုံကြနှင့် အမောပြေသွားကြသည်။

(၂)

ကိုးနာရီခွဲသာသာလောက်တွင် တောင်ထိပ်ကို သူတို့ရောက်သွားကြ၏။ မြို့ကလေး၏အသွင်သဏ္ဌာန်ကို တောင်ကုန်းချိုင့်ဝှမ်းပါမကျန် အပေါ်စီးကနေ လွှမ်းခြုံ၍ မြင်ကြရပြီ။ ပိုကောင်းသည်မှာ တရုတ်သင်္ချိုင်းနေရာသည် ကျယ်ပြန့်သဖြင့် တစ်ဖွဲ့သားလုံး ခြေညောင်းလက်ဆန့်ပြုနိုင်ကြသည်။

သင်္ချိုင်းဆိုလျှင် ကြောက်စရာဟု အမှတ်သညာပြုထားတတ်သော မောင်ရေချမ်းတို့မှာ ယခုလိုတရုတ်သင်္ချိုင်းကြပြန်တော့လည်း ပြေးလွှားခုန်ပေါက်နေကြပြန်သည်။ အန်တီငယ်မှာ ‘တဟဲ့ဟဲ့’နှင့် ထိန်းသိမ်းနေရရှာသည်။

''အဓိကက သန့်ရှင်းတာကွ။ တကယ်တမ်း သန့်သန့်ရှင်းရှင်းနဲ့ သပ်သပ်ရပ်ရပ် ပြုပြင်ထားရင် သင်္ချိုင်းတောင်မှ ကြောက်စရာမကောင်းတော့ဘူးဆိုတာ မင်းတို့ လက်တွေ့ပဲလေ''

ဆရာဦးတိုးက ရှင်းပြသည်။ မောင်ရေချမ်းတို့လည်း ဘေးဘယ်ညာကို အကဲခတ်ကြသည်။ ပရိဝုဏ်တစ်ခုလုံးက မြက်ခင်းပြင်ဖြစ်သည်။ ချုံနွယ်ပိတ်ပေါင်းမရှိ။ အညစ်အကြေးနှင့် အမှိုက်သရိုက်များမရှိ။ တသွင်သွင်တိုက်ခတ်နေသော လေရိုင်းကြားဝယ် တောင်နေကြာနှင့် သစ်စိမ်းရနံ့တို့သာ ရောစွက်လွင့်ပျံ့နေ၏။ အရောင်အသွေးစုံသော တောပန်း၊ တောင်ပန်းကလေးများက ငွားငွားစွင့်စွင့်။

ဖွေးဖွေးဖြူသောအုတ်ဂူတို့သည်လည်း တန်းစီချထားသလို ညီညီညာညာရှိနေပါသည်။ ၎င်းတို့သည် ကြောက်မက်ဖွယ်အသွင်ကို မဆောင်၊ မျက်စိပသာဒဖြစ်ဖွယ်ရှိ၏။ စိတ်လက်ကြည်သာစွာ နားနေ အောက်မေ့နိုင်သော နေရာမျိုးဖြစ်၏။

သူတို့ရောက်ရှိနေသောနေရာသည် တောင်ထွတ်ကြီး၏ ထိပ်ပိုင်းတစ်နေရာဖြစ်သဖြင့် ကျယ်ပြန့်သော မိုးကောင်းကင်ပြာပြာကြီးနှင့် ထိလုထိချင်ဟု မောင်ရေချမ်းတို့ ခံစားကြရသည်။ ထိုမှတစ်ဖန် မြေသားနီနီ တောင်ကြားလမ်းလေးအတိုင်း ဆင်းလာခဲ့ကြပြန်သည်။

အောက်ဘက်တောင်ခြေပြန့်တွင် 'ရေထွက်ကြီး' ရွာရှိသည်။ နာမည်နှင့်လိုက်အောင် စမ်းကျရေထွက်များ အလွန်ပေါသည်။ မြေဆီမြေနှစ် ကောင်းသည်။ မုန်ညင်း၊ ကိုက်လန်၊ ဆလပ်၊ ရွှေပဲသီး၊ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ပန်းဂေါ်ဖီ၊ ငရုတ်၊ ကျောက်ဖရုံ၊ ဘူး၊ သခွား၊ ဆူးပုပ် ပေါပေါများများ ထွက်သည်။ ဘုရားပန်းပေါင်းများမှာ မျှော်မဆုံးနိုင်ရှိနေကြ၏။

လေ့ကားထစ်စနစ်ဖြင့် စိုက်ပျိုးထားသောကြောင့် အဆင့်လိုက်အလွှာလိုက် ဝေ့ကာဝိုက်ကာ ရောင်စုံဖြာလျက် မဆုံးနိုင်သော တစ်မျှော်တစ်ခေါ်ရှုခင်းများမှာ ကြည့်လို့မဝပါလေ။

မောင်ရေချမ်းတို့မှာ မောရပန်းရမှန်းမသိ။ ကုန်းပြေပြေလျှောလျှောကလေးကို ပြေးဆင်းလာခဲ့ကြသည်။ ရွာအဝင်တွင် စမ်းချောင်းကလေးရှိသည်။ မည်းချိပ်နေသောကျောက်တုံးတွေနှင့် ဝါးရုံပင်များရှိရာမှ စိုက်ခင်းများဘက်သို့ ကွေ့ကာဝိုက်ကာ ယိမ်းနွဲ့စီးဆင်းသွား၏။ ထိုစမ်းချောင်းလေးပေါ်တွင် ဝါးပိုးဝါးကြီးများကို ကွင်းဖောက်ချိတ်ဆက်ကာ တွဲယှက်ထားသည့် ကိုင်းကိုင်းညွတ်ညွတ် တံတားကလေး တစ်ခုရှိသည်။ ရေက ဒူးဆစ်သာသာလောက်သာ အနက်ရှိမည်။ ကြည်လင်လှသည်။ အောက်ခြေရှိ သဲမှုန်ကလေးများကိုတောင် မြင်နေရသည်။ ရေစီးသံတတွေတွေကိုပင် ကြားနေရသည်။ ဒူရင်ကောက်ပင် စိမ်းစိမ်းလေးတွေလည်း ခပ်စိပ်စိပ်ပေါက်နေပါသေးသည်။

အိမ်ကလေးများမှာ ပြွတ်သိပ်နေတာမျိုးမဟုတ်ဘဲ သူ့ခြံသူ့ဝင်းနှင့် ခပ်လှမ်းလှမ်းစီ ရှိနေကြသည်။ခြံစည်းရိုးဆိုသည်မှာလည်း မြို့ပေါ်မှာလို မြင့်မြင့်မားမား လုံလုံခြုံခြုံကြီးတွေမဟုတ်။ လူကြီးတစ်ယောက်၏ ခါးဆစ်လောက်သာမြင့်မည့် သစ်သားတိုင် လေးကွက်ကြားကလေးတွေသာဖြစ်သည်။ တောရိပ်၊ တောင်ရိပ်တို့အလယ်တွင် ရွာကလေးမှာ ဆိတ်ငြိမ်လျက်။

စမ်းချောင်နံဘေး ကျယ်ပြန့်သောမြက်ခင်းအစပ်တွင် ဆရာဦးတိုးက နေရာချသည်။ မောင်ရေချမ်းတို့ ကျောင်းသား၊ ကျောင်းသူတစ်သိုက်က ဝိုင်းကူကြသည်။ အန်တီငယ် ကြိုပြီးလွှတ်လိုက်သည့် အိလှိုင်မိုး၏အစ်ကိုက ကြီးမားသောသစ်အယ်ပင်ကြီးတစ်ပင်အောက်တွင် အေးအေးလူလူ လဲလျောင်းနေသည်။ သူ့အနီးအပါးတွင် ရွက်ကြွေတချို့ ရှိနေကြ၏။

ရာသီမှာ နေရောင်မပြင်း နှင်းလည်းမသွေ့မွေ့ လျော်ဖွယ်ရာ တောရိပ်၊ တောင်ရိပ်တို့နှင့် အတိရှိနေပါသည်။ ဆရာက စမ်းချောင်းကလေးအနီးကို သိပ်မကပ်စေဘဲ ခပ်လှမ်းလှမ်းမှာ ပြင်ဆင်စေသည်။ မြေခင်းစ၊ မြက်ဖျာ အသီးသီးခင်း ထားကြသည်။

ဆက်လက်ဖော်ပြပါမည်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၄၁၄ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၄၁၄ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ၁၉၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၁၀၃၁ ဧကနှင့်မြင်းမူမြို့နယ်တွင် ၃၈၃ ဧက စုစုပေါင်း ၁၄၁၄ ဧက နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၃၁၁၄ ဒသမ ၀၆ ပိဿာထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကြက်သွန်နီ ဧက၁၉၀၀ ကျော်ထိ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ လက်ရှိနုတ်သိမ်းနေကြပါတယ်။ဒီနေ့ထိဧက ၁၄၀၀ ကျော်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှု အနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်းရှိသက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက် ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာ ထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်နီစိုက်တောင်သူများ အနေဖြင့် ကြက်သွန် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျပြီး တစ်ဧကထွက်နှုန်း ပိဿာချိန် ၃၀၀၀ကျော်ရှိကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီများစိုက်ပျိုးကြပြီး ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၃၁၁၅ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၃၁၁၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၃၁၁၅ ဧကကို ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ဖြစ်ကြောင်း၊ အဆိုပါစပါးများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ စပါး ၁၁၃၁၁၅ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စပါးတွေ အပါအဝင် အခြားသီးနှံတွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းပညာတွေကို စပါးမစိုက်မီ ထဲက မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးအပါအဝင် သီးနှံတွေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားနီးနွယ် ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆင်းသုခ၊ မင်းဧရာ၊ ရက် ၉၀ ၊ GW-1၊ GW-3၊ ထိုင်းဘေးကျား စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း

# ရပ်စောက်မြို့နယ် ကျောင်းကုန်း-လယ်ယမ်း ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တောင်ကြီး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောင်းကုန်း-လယ်ယမ်း ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ ရပ်စောက်မြို့နယ်ဦးစီးမှူး ဦးရှေးရယ်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက လမ်းအရှည် ၁မိုင် ၃ ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ၉လက်မ ရှိ ကျောင်းကုန်း-လယ်ယမ်း ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သော ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောင်းကုန်း-လယ်ယမ်း ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉၀၁ဒသမ ၃၄၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် TPY Company နှင့် သာထက်ဦး ကုမ္ပဏီတို့က ဇွန်လ စတုတ္ထပတ်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာထံမှ သိရသည်။

မောင်ခိုင်

## ဘ စာဆိုသို့

- "တရံခါသော် ဖိုးအောင်ကျော်ဟု
တောပျော်မုဆိုး တောချုံတိုး၍
တော်မျိုးကိုရှာ သွားလေရာတွင်
ကြမ္မာကံယွင်း သေရခြင်းကြောင့်
တောတွင်းတောင်ခြေ ငှက်ဖြစ်လေသည်"
အစချီသော
တ သီကုံးခဲ့ ကဗျာ နွံ့ကို
ဖတ်ခဲ့မိသည် ငယ်စဉ်က။
- သို့ ဖတ်ခဲ့မိ၊ စွဲခဲ့ဘိ၍
စိမ်းသည့်တောတောင် လျှိုနှင့်မြောင်ကို
မရှောင်ကျော်ဖြတ် ရောက်သည့်ရပ်၌
ဖျပ်ဖျပ်တောင်ပံ ခတ်၍ပျံသည့်
ငှက်သံချိုမြ ကြားနာရတိုင်း
တမ်းတမိကာ လွမ်းမိပါသည်
ကဗျာထဲက ငှက်ငယ်ကို။
- "တောင်ခိုးနှင့်တိမ် ရောယှက်လိမ်၍
တိမ်နှင့်တောင်ခိုး တောင်ကိုမိုးသည်"
အစချီသော
ဘ သီကုံးခဲ့ ကဗျာ နွံ့ကို
ဖတ်ခဲ့မိသည် ငယ်စဉ်က။
- သို့ ဖတ်ခဲ့မိ စွဲခဲ့ဘိ၍
မိုးထိလုနီး မြင့်ခေါင်ဟည်းသော
ကြီးမားမြင့်မောက် တောင်ထိပ်ရောက်တိုင်း
ချွေးပေါက်ဖြာလဲ မမောပဲလျှင်
စိတ်ထဲမှန်းကာ လွမ်းမိပါသည်
ကဗျာထဲက မိုးတိမ်ကို။
- "ကြာဖြူ ကြာနီ ကြာညိုစီ၍
ပွင့်သည့်သာမော တို့လယ်တောသို့
ချစ်သောငယ်ချင်း ကောက်စိုက်ဆင်းရင်း
မင်း ချိုးခဲ့ပါ့ ကြာအလှ"ဟု
ဘ သီကုံးခဲ့ ကဗျာနွံ့ကို
ဖတ်ခဲ့မိသည် ငယ်စဉ်က။
- သို့ ဖတ်ခဲ့မိ စွဲခဲ့ဘိ၍
အမိပမာ ဖပမာ သို့
လယ်ယာလုပ်သား ဦးကြီးများထံ
ရောက်သွားဖေးမ ကူညီရတိုင်း
တမ်းတမိကာ လွမ်းမိပါသည်
ကဗျာထဲက ပန်းကြာကို။
- ဘ၏ကဗျာ ဘ၏စာကို
ငယ်ခါကာလ ဖတ်ခဲ့ရသည်
ဖတ်ရလေ၍ စာ၌မွေ့ကာ
ဓလေ့ဘာသာ ကိုယ့်ရပ်ရွာနှင့်
လယ်ယာကိုချစ် တောတောင်ချစ်၏
အချစ်များစွာ ပွားသစ်ရာမှ
ကဗျာဆရာ ဘွဲ့သညာကို
ခုခါ ပိုင်ရပ်လေပြီ။
- ဘ စာဆိုငဲ့
နေညိုရိပ်သမ်း မှောင်ရိပ်လွှမ်းလဲ
ပန်းခင်းပမာ ဘ၏စာလျှင်
လဝါရိပ်တွင် အလှဆင်လျက်
အစဉ်တောက်ပ မွှေးထုံကြလိမ့်
ဘ ဆိုမည့်စာ တိုအထွာကို
ဖတ်ပါလိုလှ တမ်းတတနှင့်
ဆန္ဒအပြည့် စောင့်မျှော်ဘိရင်း
ဘ၏ ကျေးဇူး ဂုဏ်အထူးကို
ညွတ်နူး ကန်တော့ပါသတည်း။ ။

မြင်းမူမောင်နိုင်မိုး

# ဆက်ဆံရေးနဲ့ခေါင်းဆောင်မှု

ဗညားကျန်းထော

ခေါင်းဆောင်မှုအကြောင်းပြောရင် အကျယ်ကြီး၊ အများကြီးပဲ။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ အရေးလည်းကြီးပါတယ်။ နယ်ပယ်ကျယ်ဝန်းသလောက် ပြောစရာတွေက များလှပေမယ့် ဒီနေရာမှာတော့ ဆက်ဆံရေးနဲ့ခေါင်းဆောင်မှုအကြောင်းကိုသာ မီးမောင်းထိုးပြီး ပေါ်လွင်ထင်ရှားအောင် မှတ်သားအသုံးချသူများ ကောင်းကျိုးထိထိရောက်ရောက်ရရှိစေရအောင် တင်ပြပါမယ်။

ထိရောက်တဲ့ခေါင်းဆောင်မှု အပြည့်အဝရချင်ရင် အဓိကလိုအပ်ချက်က ဆက်သွယ်ပြောဆိုမှု စွမ်းရည်၊ ဆက်ဆံရေးအကောင်းမွန်ဆုံးဖြစ်အောင် လုပ်ရပါမယ်။ အလုပ်လုပ်ကြတယ်ဆိုတာက မိသားစုလုပ်ငန်းပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းကြီးပဲဖြစ်ဖြစ်၊ ဌာနဆိုင်ရာရည်မှန်းချက်တာဝန်နဲ့ စုပေါင်းပါဝင်အကောင်အထည်ဖော်ကြရတဲ့ လုပ်ငန်းကြီးမျိုးပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့အတွင်းက အဖွဲ့ဝင်အချင်းချင်း အညမည သဟဇာတဖြစ်ကြဖို့ အရေးကြီးတယ်။

**ကြီးသူကို ငယ်သူက ရိုသေ၊**
**ငယ်သူကို ကြီးသူက စာနာညှာတာ၊**
**အပြန်အလှန်မေတ္တာ၊သံယောဇဉ်ရှိကြရပါတယ်။**
**အပြန်အလှန်လေးစား ရိုသေရမယ်။**
**ယုံကြည်စိတ်ချရမယ်။**
**သစ္စာရှိရမယ်။**

ခင်မင်မှု၊ ယုံကြည်မှုမရှိဘဲ ရာထူးအရ ခေါင်းဆောင်နေသူက ငါပြောတဲ့အမိန့်ကို ငယ်သားက နာခံရမယ်ဆိုတဲ့ သဘောထားနဲ့ဆက်ဆံလို့ လွဲမှားတဲ့ သင်ခန်းစာဖြစ်ရပ်တွေ အများကြီးပါပဲ။ အချင်းချင်းခင်မင်မှု၊ ယုံကြည်မှုရှိပြီးမှသာ တာဝန်ပေးလာတာကို ကြည်ကြည်ဖြူဖြူ စိတ်ပါလက်ပါ ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဗိုလ်သင်တန်းဆင်းစ အရာရှိပေါက်စတချို့ဟာ မိမိနေရာ တပ်ရင်း၊ တပ်ဖွဲ့မှာ အသက်အားဖြင့်၊ အတွေ့အကြုံအားဖြင့် ကြီးရင့်ကြတဲ့ ဆရာကြီးတွေနဲ့ မကြာခဏ ပြဿနာရှိတတ်ကြတယ်။ ဆက်ဆံရေးတည်ဆောက်မှုနဲ့ ခေါင်းဆောင်မှုဆိုတာ ဆက်စပ်နေပါတယ်။

အစိတ်အပိုင်းအမျိုးမျိုးမှာ စုပေါင်းဆက်စပ်ပါဝင်ကြရတဲ့ လုပ်ငန်းဆောင်တာကြီးတွေမှာ အသင်းအဖွဲ့စိတ်၊ တပ်ရင်းတပ်ဖွဲ့ဂုဏ်သိက္ခာကို တန်ဖိုးထားစိတ်ရှိကြရပါတယ်။ ရဲဘော်စိတ် (Sprit-De-Corps) လို့ခေါ်တာပေါ့။ ငါ့တပ်ရင်းအတွက် ငါ့အသက်ကိုစွန့်ပြီး ဂုဏ်ရည်မြှင့်တင်မယ်ဆိုတဲ့ ခံယူချက်သဘောထားမျိုးဟာ အချင်းချင်းအပေါ် ချစ်ခင်တွယ်တာမှု သံယောဇဉ်ကြောင့် ရဲဝံ့စွန့်စားတာဖြစ်ပါတယ်။

လက်နက်ကိုင်တိုက်ပွဲဝင်တပ်ရင်း၊ တပ်ဖွဲ့မျိုးတွေမှ မဟုတ်ပါ။ ကုမ္ပဏီတွေ၊ အစိုးရဌာနတွေ၊ ပုဂ္ဂလိကစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အသင်းအပင်း အဖွဲ့အစည်းတွေလည်း မိမိတို့ရဲ့ ဂုဏ်သတင်းအတွက် အားတက်သရော၊ စိတ်ပါလက်ပါ အနစ်နာခံ၊ အပင်ပန်းခံ ပါဝင်လုပ်ဆောင်ကြတာလဲ ဒီသဘောပါပဲ။

အသင်းအဖွဲ့အတွင်း အချင်းချင်းဆက်ဆံရေး ကောင်းမွန်ဖို့ဆိုရင် အကျင့်စာရိတ္တ၊ ကျင့်ဝတ်ကောင်းကြရမယ်။ ကတိတည်မှုရှိရမယ်။ အာရုံစူးစိုက်မှု၊ ရက်ရောမှု၊ သင်ယူနိုင်စွမ်းရှိမှု၊ ဆက်သွယ်ပြောဆိုတတ်မှု၊ ပေါင်းသင်းဆက်ဆံတတ်မှုတွေ ဖွံ့ဖြိုးကောင်းမွန်စေရမယ်။ ခေါင်းဆောင်က အမြင်ကျယ်ရတယ်။ စည်းကမ်းရှိရတယ်။ လက်အောက်ငယ်သားက လိုလိုချင်ချင်နှစ်နှစ်ကာကာ ပူးပေါင်းလုပ်ဆောင် နာခံတာဟာ ဩဇာရှိခြင်းပဲ။ အဲဒါက ခေါင်းဆောင်မှု။

**❖အသင်းအဖွဲ့အတွင်း အချင်းချင်းဆက်ဆံရေး ကောင်းမွန်ဖို့ဆိုရင် အကျင့်စာရိတ္တ၊ ကျင့်ဝတ်ကောင်းကြရမယ်။ ကတိတည်မှုရှိရမယ်။ အာရုံစူးစိုက်မှု၊ ရက်ရောမှု၊ သင်ယူနိုင်စွမ်းရှိမှု၊ ဆက်သွယ်ပြောဆိုတတ်မှု၊ ပေါင်းသင်းဆက်ဆံတတ်မှုတွေ ဖွံ့ဖြိုးကောင်းမွန်စေရမယ်။ ခေါင်းဆောင်က အမြင်ကျယ်ရတယ်။ စည်းကမ်းရှိရတယ်။ လက်အောက်ငယ်သားက လိုလိုချင်ချင် နှစ်နှစ်ကာကာ ပူးပေါင်းလုပ်ဆောင် နာခံတာဟာ ဩဇာရှိခြင်းပဲ။ အဲဒါက ခေါင်းဆောင်မှု။❖**

ရာထူး၊ လစာ၊ တာဝန်အရ အထက်အရာရှိရယ်လို့ သတ်မှတ်ပေးထားပေမယ့် လက်အောက်ငယ်သားတွေက မရိုသေချင်၊ မချစ်ခင်နိုင်၊ ပူးပေါင်းဆောင်ရွက်လိုမှုမရှိ၊ အထင်မကြီး၊ လက်မခံချင်ဘူးဆိုရင် ခေါင်းဆောင်မှု မရသေးဘူး။ ဩဇာမသက်ရောက်သေးဘူး။

အတူသွား၊ အတူစား၊ အားကစား၊ ပျော်ပွဲရွှင်ပွဲ၊ စသဖြင့် ထိတွေ့မှုများနဲ့ ရင်းနှီးချစ်ခင်အောင် အရင်ဆုံးလုပ်ရပါတယ်။ အပြန်အလှန် ခင်မင်ပြီးရင် လေးစားမှု၊ နားလည်မှုရအောင် ခေါင်းဆောင်က လုပ်ဆောင်ရပါတယ်။ ကြင်ကြင်နာနာ ချိုချိုသာသာ ဆက်ဆံပေးရင် သားသမီး၊ ကလေးသူငယ်ပဲဖြစ်ဖြစ် ခွေးလေး၊ ကြောင်လေး၊ ကြက်လို၊ ဝက်လို၊ အိမ်မွေးတိရစ္ဆာန်ပဲဖြစ်ဖြစ် တုံ့ပြန်ချစ်ခင်လာတာပဲ။ ငေါက်လိုက် မာန်လိုက်၊ ဆူလိုက်ပူလိုက်၊ အပြစ်တင်ငြူစူတာတွေပဲ ပြောဆိုနေတဲ့ခေါင်းဆောင်မျိုးဆိုရင် လက်အောက်ငယ်သားအပေါ် ဩဇာမရှိဘူး။

ဆက်ဆံရေးဟာ တော်တော်အရေးကြီးတာပဲနော်။ အဲသလိုယူဆရင် တကယ်တော့ မမှန်သေးဘူး။ ကြီးမားတဲ့ ကြီးကျယ်တဲ့ အောင်မြင်မှုဆိုတာ လူအများ ပူးပေါင်းပါဝင်လုပ်ဆောင်ကြတဲ့ စုပေါင်းစုစည်းစွမ်းအား (Synergy) သဘောကြောင့်သာ ပေါ်ထွက်လာတာပဲ။

မြတ်စွာဘုရားက ဆရာကောင်း အမှီကောင်း ရရှိဖို့ အရေးကြီးကြောင်း အလေးအနက် ဟောတော်မူတယ်။

သပ္ပုရိသဥပနိဿယျစက်။

သရုပ်ပြဆရာ၊ နည်းပြဆရာ၊ သင်ကြားပြသသူ၊ ကောင်းမွန်သောလမ်းညွှန်ပြသတဲ့ဆရာ ရတယ်ဆိုရင် လျင်လျင်မြန်မြန် ထွန်းထွန်းပေါက်ပေါက် အောင်မြင်တယ်တဲ့။ စက်လေးပါးထဲမှာ အဲဒီတစ်ချက် ထည့်သွင်းဟောကြားခဲ့ဖူးပါတယ်။

သမ္ပဒါတရားလေးပါးဆိုတာ အခြားဆီလျော်ရာ အခြေအနေတစ်ရပ်မှာ ဒီဃဇာဏုမင်းသားကမေးလို့ တက္ကရပတ္တနိဂုံးမှာ ဖြေကြားဖူးပါတယ်။ စာဖတ်သူများ ကြားဖူးသိဖူးပြီးသားလည်း ဖြစ်ကောင်းဖြစ်ပေမယ်။

**ဥဋ္ဌာနသမ္ပဒါ။** ကိုယ်ကိုယ်တိုင်ကြိုးစားမှု ဝီရိယ။
**ကလျာဏမိတ္တသမ္ပဒါ။** မိတ်ကောင်းဆွေကောင်း။
**သမဇီဝိတတာ။** မှန်ကန်မျှတစွာအသက်မွေးခြင်း။
**အာရက္ခသမ္ပဒါ။** လုံခြုံစွာကာကွယ်နိုင်ခြင်း။

ဒုတိယလိုအပ်ချက်ဟာ မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တရှိပါမှသာ ကြီးကြီးမားမား ထူးထူးခြားခြား အောင်မြင်မှု၊ အောင်ပွဲကြီးများ ရစေနိုင်တယ်လို့ (ဘုရင့်သားတော်၊ ဘုရင်လောင်း၊ စစ်သူကြီးကိုသိဖို့ လိုအပ်တဲ့အတွက်) ဖြေကြားတော်မူတာနော်။

စတုတ္ထအချက်၊ တိုင်းပြည်နိုင်ငံ သာယာဝပြောဖို့ရာ တိုးတက်စည်ပင်ဖို့ရာဆိုရင် အေးချမ်းစွာပြည်သူတွေ နေထိုင်လုပ်ကိုင်နိုင်အောင် လုံခြုံအောင် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်စစ်သည်တပ်၊ စစ်အင်္ဂါလေးပါးနဲ့ သေသေချာချာကာကွယ်ပေးနိုင်ရမယ်ဆိုတာလည်း ပါတယ်နော်။

စစ်မက်ဆိုတာကတော့ ပြည်ပ၊ ပြည်တွင်း ဘယ်ကဖြစ်ဖြစ် မငြိမ်မသက် မလုံမခြုံဖြစ်စေတာမို့ နိုင်ငံအတွက် လူမျိုးအတွက် ကောင်းမွန်အကျိုးရှိစရာ မမြင်ပါ။ သက်ဆိုင်ရာ စစ်မက်အင်္ဂါများနဲ့ ပြည်သူပြည်သားများရဲ့ စိုက်သူပျိုးသူ၊ ကုန်ထုတ်လုပ်သူ၊ ကုန်စည်ကုန်သွယ် ရောင်းဝယ်ဖောက်ကားသူတွေ လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ် အလုပ်အကိုင်အဆင်ပြေတဲ့ ငြိမ်းချမ်းအေးချမ်းမှုရှိမှ နိုင်ငံပြည်သူအေးချမ်းတိုးတက်စေမှာပေါ့။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းအတွက်သာစဉ်းစားဖို့ ဟောတဲ့တရားမဟုတ်ပါ။ မင်းသားက ကြီးပွားကြောင်းတရားများ ရှိပါသလား။ ရှိရင်သိလိုပါတယ်။ ဟောကြားတော်မူပါလို့ မေးလျှောက်တဲ့အတွက် ဖြေတဲ့တရားနော်။ ဒီဃဇာဏုသုတ်လို့ခေါ်တဲ့ သမ္ပဒါတရားလေးပါး တရားတော်။ မိတ်ကောင်းဆွေကောင်းရယ်၊ လုံခြုံရေးရယ်။

လောကမှာ ကြီးပွားချမ်းသာ၊ ထူးထူးခြားခြား အောင်မြင်သူတွေကို လေ့လာကြည့်လိုက်ပါ။ အပေါင်းအသင်းကောင်းများ၊ မိတ်ဆွေများ၊ ပါတီဝင်များ၊ ထောက်ခံအားပေးကြသူများ၊ ထောက်ပံ့ကူညီကြသူများ၊ လေးစားကြည်ညိုကြသူများက ဝန်းရံတဲ့အတွက် အောင်မြင်ထွန်းပေါက်ကြတာအမှန်ပါ။

ဆင်းရဲနွမ်းပါး စားစရာမရှိ၊ နေစရာမရှိ၊ အတိဒုက္ခရောက်နေကြရှာသူတွေကို လေ့လာကြည့်လိုက်ပါ၊ သူတို့မှာ ကြိုးစားအားထုတ်မှု၊ လုံ့လဝီရိယ တစ်ချိန်က ရှိချင်ရှိခဲ့မယ်။ ရှိချင်မှလည်းရှိမယ်။ လက်ရှိအခြေအနေမှာတော့ သူ့ကိုကူညီထောက်မကယ်တင်ကြမယ့် မိတ်ဆွေကောင်းကင်းမဲ့နေလို့သာ ယခုလို လမ်းဘေးရောက်နေတာပဲ မဟုတ်လား။ ဒီနေရာမှာ အခြားအချက်တွေ မဖော်ပြတော့ပါ။ မိတ်ကောင်း ဆွေကောင်းသာရှိခဲ့ရင် အရင်းအနှီး ချေးငွေထုတ်ပေးမယ်။ အလုပ်လုပ်ပါဆိုပြီး ကူညီမဲ့သူတွေရှိနေရင် လမ်းပေါ်ဘယ်ရောက်မလဲ။

ဆင်းရဲနွမ်းပါးရှာသူ ဆွေမျိုးသားချင်းမျိုးနွယ်ကို တရုတ်ဘုံကျောင်းက အရင်းအနှီးထုတ်ပေးပြီး ကြည့်ရှုစောင့်ရှောက်တာမျိုးပေါ့။ တစ်ကြိမ်အဆင်မပြေသေးရင် နောက်တစ်ကြိမ် ထပ်မံပြီး အတိုးမဲ့ငွေထုတ်ချေးသေးတာပဲ။ နှစ်ကြိမ်၊ သုံးကြိမ် ကုန်ကူးရောင်းဝယ်လုပ်လိုက်တဲ့အခါ ဆင်းရဲတွင်းကလွတ်မြောက်သွားတယ်လေ။ ကလျာဏမိတ္တသမ္ပဒါဆိုတာ လက်တွေ့သာဓကပါပဲ။

စာဖတ်သူအတော်များများလည်း ကြားဖူး သိဖူးကြမှာပါ။ မြတ်စွာဘုရားက ညီတော်အာနန္ဒာကို သင်ကြားပြသတဲ့ တရားတစ်ပုဒ်လေ။

အခါတစ်ပါးဝယ် ညီတော်အာနန္ဒာက မြတ်စွာဘုရားသခင်ကို အနီးကပ်ကြည်ညိုချစ်ခင်စွာ တစိမ့်စိမ့်ကြည့်နေရင်းက သူ့စိတ်ထဲမှာပေါ်လာတဲ့ အမြင်တစ်ခုကို အတည်ပြုဖို့ မြတ်စွာဘုရားသခင်ကို ဒီလိုလျှောက်ထားပါသတဲ့။

"အရှင်ဘုရား လမ်းမှန်လမ်းကောင်းကို ပြညွှန်တဲ့ မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်းကို ရရှိတယ်ဆိုရင် ထိုသူဟာသူ့ရဲ့ရည်ရွယ်ချက် ပန်းတိုင်ခရီးအတွက် ခရီးတစ်ဝက်ရောက်ပြီးတာနဲ့ညီတယ်လို့ တပည့်တော်က ထင်မြင်ယူဆမိပါတယ်ဘုရား။ မှန်ပါသလားဘုရား"

ဘုရားရှင်က-

"မမှန်ဘူး"လို့ ဖြေတယ်။

သူလျှောက်တင်တာကို မသဲကွဲလို့လားဆိုပြီး ညီတော်အာနန္ဒာက အပါးတိုးကာ ထပ်မံလျှောက်ထားပြန်ပါတယ်။

"မဟုတ်ဘူး အာနန္ဒာ"

အာနန္ဒာက တတိယအကြိမ် ဒါကိုပဲ ထပ်မံပြီး အသံမြှင့်ကာ ထပ်မံတင်လျှောက်ပြန်ပါသတဲ့။ ဘုရားရှင် နားမရှင်းရှာဘူး ထင်လို့ပေါ့။

"မဟုတ်သေးဘူး"တဲ့

ညီတော်အာနန္ဒာ အံ့ဩငေးမော။

သုံးကြိမ်တိုင်တိုင် အတိအလင်း ငြင်းတော်မူသတဲ့။

"ညီတော်အာနန္ဒာ သင်လျှောက်ထားတာကို နားလည်ပါတယ်။ (ကြည်ညိုသဒ္ဓါစိတ်နဲ့လျှောက်တင်တာကိုသိတယ်) သို့သော် မမှန်သေးဘူး။ **အမှန်တရားကတော့ မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်း၊ အမှီကောင်း (ခေါင်းဆောင်ကောင်းသဘောပေါ့) ရရှိသူဟာ မိမိရည်မှန်းချက်ပန်းတိုင် အောင်မြင်ခြင်းအတွက် ၁၀၀ ရာခိုင်နှုန်းအောင်မြင်ပြီးစီးတယ်လို့ ဆိုနိုင်တယ်"တဲ့။**

ချစ်စွာသော စာဖတ်သူများခင်ဗျာ၊ လူတစ်ယောက် အောင်မြင်ထွန်းပေါက်ချင်တယ်ဆိုရင် ဆရာကောင်း၊ အမှီကောင်း၊ မိတ်ဆွေကောင်းကိုသာ သေသေချာချာတွေ့အောင် ရွေးချယ်ပေါင်းပါ။ မိမိဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရေးဟာ ရာနှုန်းပြည့်သေချာပေါက် ခရီးရောက်တာနဲ့ အတူတူပဲဆိုတာ အလွန်တရာထူးခြားမွန်မြတ် (အံ့အားသင့်လောက်တဲ့) မြတ်စွာဘုရားရဲ့ လမ်းညွှန်ပြသ သင်ကြားချက်(ဗုဒ္ဓသာသနာ) တရားတော်ပါခင်ဗျာ။

ခေါင်းဆောင်မှုအောင်မြင်ချင်ရင် ဆရာကောင်း၊ မိတ်ဆွေကောင်း၊ ရဲဘော်ရဲဘက်ကောင်း၊ တပည့်ကောင်း၊ အပေါင်းအသင်းကောင်းတွေ ရှိစေရပါမယ်။ ဒါဟာ မိမိရည်မှန်းချက်ပန်းတိုင် အောင်မြင်ရေးအတွက် ရာနှုန်းပြည့်အာမခံချက်ရှိတဲ့ နိယာမပါကလား။ မိမိက ပေါင်းသင်းဆက်ဆံရေး ဆက်သွယ်မှု၊ ပြောဆိုမှု၊ ထိတွေ့မှု၊ ချစ်ခင်မှု ရှိရမှာပါတကား။ ကောင်းလေစွ။

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လင်းလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်းက ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ထိုင်းဘေးကျား ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''မော်လမြိုင်ကျွန်းမြို့နယ်ကနေ နိုဝင်ဘာလအတွင်း ထိုင်းဘေးကျားဆန်အမျိုးအစား အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှု များပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိပြည်တွင်းဆန်၊ စပါးဈေးကွက်မှာကို ထိုင်းဘေးကျား ဆန်အမျိုးအစားက အဝယ်လိုက်နေတာဖြစ်ပါတယ်'' ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လင်းလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လင်းလင်းထံမှ သိရသည်။ **ကျော်ကျော်လင်း**

## ရမည်းသင်းမြို့နယ် ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရမည်းသင်း ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးဖြူတောင်ကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ချောင်းဖျားကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သိန်းသိန်းအေးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချောင်းဖျားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းထံမှ သိရသည်။ **ချိုသန်းညွန့်**

## ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၂၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

ရေဦး ဒီဇင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၂၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း မြေပဲ ၇၀၆၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၀၂၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိမှာတော့ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်းရေ ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန် ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

## တိုက်ကြီးမြို့နယ် ရန်လုံးနိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

တိုက်ကြီး ဒီဇင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရန်လုံးနိုင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးဒေါ်ဥမ္မာရွှေနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရန်လုံးနိုင်ကျေးရွာရှိ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

တိုက်ကြီးမြို့နယ် ရန်လုံးနိုင်ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၈၆ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို စံသုန္ဒဒီကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ရန်လုံးနိုင်ကျေးရွာရှိ အိမ်ခြေ ၂၁၇ အိမ်၊ လူ ၇၉၂ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်ထံမှ သိရသည်။

**အထွေး**

## တောင်ငူမြို့နယ် မဟင်ကျေးရွာ၌ ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

တောင်ငူ ဒီဇင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မဟင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

တောင်ငူမြို့နယ် မဟင်ကျေးရွာ၌ အရှည် ပေ ၅၂၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၉၅ သန်းဖြင့် VJAT ကုမ္ပဏီမှ တာဝန်ယူ၍ အောက်တိုဘာလ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက မဟင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေ ဧက ၁၅၀ မှ ထွက်ရှိသည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

# ထရန့်လက်ထက် မြောက်ကိုရီးယားနှင့်ဆွေးနွေးပွဲအလားအလာ

**ဝင်းဇင်(သုတေသန)**



သမ္မတဟောင်း ဒေါ်နယ်ထရန့်သည် အိမ်ဖြူတော်သို့ ပြန်လာနိုင်တော့မည့် ရှင်းလင်းပြတ်သားသောရွေးကောက်ပွဲရလဒ်ပေါ်ထွက်လာမှုနှင့်အတူ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်များ၊ ပဲ့ထိန်းဒုံးကျည်အစီအစဉ်များနှင့် စပ်လျဉ်း၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဆွေးနွေးပွဲပြန်လည်စတင်သွားဖွယ်ရာရှိသည်ဆိုသော ထင်ကြေးပေးပြောဆိုမှုများထွက်ပေါ်လျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံနှင့်ဆွေးနွေးပွဲများလုပ်ဆောင်ခြင်းသည် ချင့်ချိန်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဒေါ်နယ်ထရန့်အနေဖြင့် ယခု အကြိမ်တွင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ပိုမိုသိမ်မွေ့ရှုပ်ထွေးဖွယ်ရာ ရှိနေသည်။

ဒေါ်နယ်ထရန့်၏ ပထမသက်တမ်းကာလတွင် မြောက်ကိုရီးယားနိုင်ငံကို ချဉ်းကပ်ရာ၌ကနဦးဖိအားဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအကြိမ်တွင်မူ ထိုသို့ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ဒေါ်နယ်ထရန့်သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် တောင်ကိုရီးယားအမျိုးသားလွှတ်တော်၌ မိန့်ခွန်းပြောကြားစဉ် "မိမိတို့အနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ အပြည့်အဝအကောင်အထည်ဖော်ရန်၊ မြောက်ကိုရီးယားနိုင်ငံနှင့် သံခင်းတမန်ခင်းဆက်ဆံရေးအဆင့်လျှော့ချရန်အပြင် ကုန်သွယ်မှုနှင့် နည်းပညာတို့တွင် အဆက်အသွယ်ဖြတ်တောက်ရန် တရုတ်နှင့် ရုရှားတို့အပါအဝင် နိုင်ငံအားလုံးကို တောင်းဆိုပါကြောင်း၊ မိမိတို့အနေဖြင့် ကြာရှည်စွာစောင့်ဆိုင်းနေမည်ဆိုလျှင် အန္တရာယ်ပိုမိုကြီးမားလာမည်ဖြစ်ပြီး ရွေးချယ်ရန်အခွင့်အလမ်းပိုမိုနည်းပါးသွားမည်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။ ဆိုရလျှင် ဒေါ်နယ်ထရန့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် အမြင့်ဆုံးဖိအားပေးသွားမည့်မဟာဗျူဟာကို လှစ်ဟပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ရုရှားနှင့် တရုတ်နိုင်ငံတို့သည် မြောက်ကိုရီးယားနိုင်ငံအပေါ် တိုးမြှင့်ဖိအားပေးရာတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံ၏ ပြည်ပပို့ကုန်များတင်ပို့မှုနှင့် စွမ်းအင်တင်သွင်းမှုများအပေါ် တားမြစ်ထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်များကို ထောက်ခံခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် တောင်ကိုရီးယား၌ ချမှတ်ခဲ့သော ဒေါ်နယ်ထရန့်၏ မဟာဗျူဟာများသည် သက်ဝင်လှုပ်ရှားမှုမရှိတော့ပေ။ ဒေါ်နယ်ထရန့်နှင့် ကင်ဂျုံအန်တို့ကြား ဟနွိုင်းမြို့၌ ပြုလုပ်ခဲ့သော ဆွေးနွေးပွဲပြီးနောက် တရုတ်နှင့် ရုရှားတို့သည် ဖိအားပေးပိတ်ဆို့မှုများအပေါ် စိတ်ပါဝင်စားမှု မပြသတော့ပေ။ တရုတ်၊ ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ တရားမဝင်ကုန်သွယ်မှုသည် ပိတ်ဆို့မှု မတိုင်မီကအဆင့်ထက် နိမ့်နေသော်လည်း သိသိသာသာတိုးတက်လျက်ရှိသည်။ ရုရှားနှင့် မြောက်ကိုရီးယားတို့သည် သံခင်းတမန်ခင်းနှင့် နည်းပညာပိုင်းဆိုင်ရာဆက်ဆံရေးတို့တွင် နက်ရှိုင်းသော သံတမန်ဆက်ဆံရေးထူထောင်ထားရှိပြီး နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်လျက်ရှိသည်။

ဆိုရလျှင် မြောက်ကိုရီးယားနိုင်ငံ၏အနေအထားသည် ခိုင်မာအားကောင်းလာလျက်ရှိသည့်အချိန်တွင် အမေရိကန်၏ ဆွေးနွေးညှိနှိုင်းရေးဩဇာအာဏာသည် တဖြည်းဖြည်းချည့်နဲ့လာလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံနှင့်ပြုလုပ်သွားမည့် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်မှန်သမျှသည် ဒေါ်နယ်ထရန့်၏ ယခင်သမ္မတသက်တမ်းကာလတွင် လုပ်ဆောင်ခဲ့သောဆွေးနွေးပွဲများနှင့် သဘောသဘာဝအရ များစွာကွာခြားနေမည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြုလုပ်သော အနာဂတ်ဆွေးနွေးပွဲမှန်သမျှသည် အတားအဆီးသုံးခုကို ကျော်လွှားရန်လိုအပ်သည်။ ပထမအတားအဆီးသည် မြောက်ကိုရီးယားနိုင်ငံ၏ စိတ်ပါဝင်စားမှုအဆင့်အတန်းပင်ဖြစ်သည်။ အမေရိကန်နိုင်ငံနှင့်ဆွေးနွေးပွဲများပြုလုပ်နိုင်သည်ဆိုသောကိစ္စကို မြောက်ကိုရီးယားနိုင်ငံက အရေးမပါသလိုလျစ်လျူရှုထားလျက်ရှိသည်။ သို့သော် အချို့သော သုံးသပ်သူများကမူ မြောက်ကိုရီးယားနိုင်ငံသည် ဆွေးနွေးပွဲအသစ်များ ပြန်လည်လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်နေသည်ဟု ပြောဆိုလျက်ရှိသည်။

မည်သို့ပင်ဆိုစေ ဒေါ်နယ်ထရန့်သည် ဟနွိုင်းဆွေးနွေးပွဲတွင် ကင်ဂျုံအန်အပေါ် အသာစီးနှင့် ဆက်ဆံခဲ့မှုများကြောင့် ထိုအချိန်မှစ၍ မြောက်ကိုရီးယားနိုင်ငံသည် ရွေးချယ်ရန်အခွင့်အလမ်းများ ထပ်မံရှာဖွေခဲ့သည်။ အထင်ရှားဆုံးအချက်မှာ ရုရှားနိုင်ငံနှင့် ဆက်ဆံရေးပင်ဖြစ်သည်။ ထို့ကြောင့် ဆွေးနွေးပွဲစကားဝိုင်းသို့ မြောက်ကိုရီးယားနိုင်ငံကို ခေါ်ဆောင်နိုင်ရေးသည် ပိုမိုသိမ်မွေ့နက်နဲလာပြီဖြစ်သည်။ ယူကရိန်းပဋိပက္ခစတင်ကတည်းက ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြား ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းလာလျက်ရှိသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကင်ဂျုံအန်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တို့တွင် နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် ကုလသမဂ္ဂတွင် ရုရှား၏ ဗီတိုအာဏာကျင့်သုံးမှု ပိုမိုလုပ်ဆောင်လာခဲ့သဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် နိုင်ငံတကာ၏ပိတ်ဆို့မှုများ အဆုံးသတ်စေခဲ့သည်။ ၎င်းတို့နှစ်နိုင်ငံကြား ကာကွယ်ရေးစာချုပ်အသစ်နှင့် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုများသည် တရားဝင်မှုရှိသည်ဟု ရုရှားသမ္မတဗလာဒီမာပူတင်က ထုတ်ဖော်ပြောကြားလာခဲ့သည်။

မည်သို့ပင်ဆိုစေ မြောက်ကိုရီးယားနိုင်ငံအတွက် ထူးခြားသောအကျိုးတရားများသည် ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံကို တိုက်ရိုက်ပံ့ပိုးကူညီမှုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံကို အမြောက်ကျည်ဆန်ကိုးသန်း၊ KN-23 ကဲ့သို့သော ပဲ့ထိန်းဒုံးကျည်များနှင့် မြောက်ကိုရီးယားတပ်ဖွဲ့ဝင် ဦးရေ ၁၀၀၀၀ ခန့်ကူညီထားသည်ဟု ခန့်မှန်းမှုများရှိနေသည်။ မြောက်ကိုရီးယားသည် ရုရှားနိုင်ငံသို့ အမြောက်ကျည်ဆန်များပေးပို့မှုတစ်ခုတည်းကပင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံရရှိထားဖွယ်ရာရှိသည်။ မြောက်ကိုရီးယားနိုင်ငံတပ်ဖွဲ့များအနေဖြင့် ရုရှားတပ်သားသစ်များကဲ့သို့ပင် အလားတူပံ့ပိုးငွေများရရှိမည်ဆိုလျှင် ရုရှားနိုင်ငံသို့စေလွှတ်ထားသည့် တပ်ဖွဲ့ဝင်များအတွက် လစဉ် အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် ရရှိနိုင်မည်ဖြစ်သည်။

မြောက်ကိုရီးနိုင်ငံအနေဖြင့် လက်နက်နှင့်တပ်ဖွဲ့ဝင်များ ပံ့ပိုးကူညီမှုအတွက် ဒုံးကျည်အစီအစဉ်များတွင် ရုရှားနိုင်ငံထံမှ နည်းပညာအကူအညီများ ရရှိလျက်ရှိကြောင်း Financial Times သတင်းစာ၌ ဖော်ပြထားသည်။ ယူကရိန်းစစ်မြေပြင်တွင် အသုံးပြုသော မြောက်ကိုရီးယားနိုင်ငံ၏ KN-23 များသည် ၅၀ ရာခိုင်နှုန်းခန့် ချို့ယွင်းမှုရှိနေသဖြင့် ရုရှားနိုင်ငံသည် ပဲ့ထိန်းဒုံးကျည်နည်းပညာတိုးတက်ရေးအတွက် မြောက်ကိုရီးယားနှင့်ပူးပေါင်းဆောင်ရွက်သွားဖွယ်ရာရှိနေသည်။

ရုရှားနိုင်ငံနှင့် မြောက်ကိုရီးယား၏ ဆက်ဆံရေးတွင် အကျိုးကျေးဇူးများစွာ ရရှိနေသောကြောင့် ဆွေးနွေးပွဲများ ပြန်လည်လုပ်ဆောင်ရေးကြိုးပမ်းမှုမှန်သမျှသည် မြောက်ကိုရီးယားနိုင်ငံကို ရုရှားနိုင်ငံထံမှရရှိထားသော အကျိုးအမြတ်များထက် ပိုမို၍ ကမ်းလှမ်းခြင်း သို့တည်းမဟုတ် ၎င်းတို့နှစ်နိုင်ငံကြား ဆက်ဆံရေးဖြတ်တောက်နိုင်မည့် နည်းလမ်းတစ်ရပ်ရှာဖွေခြင်းတို့လုပ်ဆောင်သွားရန် လိုအပ်သည်။

ဆိုရလျှင် ဒေါ်နယ်ထရန့်အနေဖြင့် ဆွေးနွေးပွဲစကားဝိုင်း၌ ရုရှားနိုင်ငံထက် ပိုမိုကမ်းလှမ်းသွားနိုင်ဖွယ်ရာမရှိပေ။ အကြောင်းမူကား ယူကရိန်းပဋိပက္ခ အဆုံးသတ်ခြင်းသည် ရုရှားနှင့်မြောက်ကိုရီးယား ဆက်ဆံရေး၏ သဘောသဘာဝကို အပြောင်းအလဲဖြစ်ပေါ်လာနိုင်သောကြောင့်ပင်ဖြစ်သည်။ ၎င်းကိစ္စနှင့်စပ်လျဉ်း၍ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့အနေဖြင့် ယူကရိန်းနိုင်ငံကို ငြိမ်းချမ်းရေးစကားဝိုင်းသို့ ခေါ်ဆောင်လာမှုအတွက် ကြိုတင်သတ်မှတ်ချက်များအနေဖြင့် ရုရှားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့ပေးအပ်နေသည့် ပံ့ပိုးမှုများရပ်တန့်သွားရေး တောင်းဆိုသွားဖွယ်ရာရှိနေသည်။

သို့သော် ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေးအတွက် ဒေါ်နယ်ထရန့်၏ ရှင်းလင်းပြတ်သားသောဆန္ဒကြောင့် အမေရိကန်အနေဖြင့် ရုရှားနှင့်ဆက်ဆံရေးဖြတ်တောက်လျှော့ချမှုအတွက် ဩဇာအရှိန်အဝါကို အသုံးချသွားဖွယ်ရာမရှိပေ။ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဆုံးသတ်ခြင်းသည် ရုရှားကို ကုလသမဂ္ဂကချမှတ်ထားသော ပိတ်ဆို့မှုများအပေါ် လျစ်လျူရှုမှုများ ပိုမိုလုပ်ဆောင်လာစေမည်ဖြစ်ပြီး အခြားသောနယ်ပယ်များတွင် မြောက်ကိုရီးယားနိုင်ငံနှင့်ဆက်ဆံရေးကိုပင်လျှင် ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။ ထို့ကြောင့် ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် အခြားသောနည်းလမ်းများအသုံးပြုခြင်းသည်သာလျှင် သိသာထင်ရှားသောအောင်မြင်မှုများရရှိနိုင်မည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံကို အထီးကျန်နိုင်ငံဖြစ်ရေး ရုရှားနိုင်ငံကို စည်းရုံးသိမ်းသွင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် အောင်မြင်မှုရရှိမည်မဟုတ်ချေ။ တရုတ်နိုင်ငံအနေဖြင့် ရုရှားနှင့်မြောက်ကိုရီးယားတို့ကြား ဆက်ဆံရေးတိုးတက်လာမှုအပေါ်မလိုလားကြောင်း သတင်းများထွက်ပေါ်နေသော်လည်း မြောက်ကိုရီးယားနိုင်ငံအပေါ် ဖိအားပေးရေးအတွက် တရုတ်နိုင်ငံ၏အကူအညီရရှိအောင်ဆောင်ရွက်ခြင်းသည် တရုတ်-အမေရိကန် ပြိုင်ဆိုင်နေမှုကြောင့် ပို၍ပင်သိမ်မွေ့ရှုပ်ထွေးလျက်ရှိသည်။ အမှန်တော့ မြောက်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် စီးပွားရေးဖိအားများကို ဆက်လက်တိမ်းရှောင်နိုင်မည်မဟုတ်သည့်အပြင် ပဲ့ထိန်းဒုံးကျည်များ သုတေသနပြုထုတ်လုပ်ရေးအတွက် လိုအပ်သောအစိတ်အပိုင်းများကိုလည်း ရရှိမည်မဟုတ်ချေ။

တရုတ်နှင့် ရုရှားနိုင်ငံတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို ဆက်လက်ပံ့ပိုးကူညီသွားလိုသည့် ဆန္ဒရှိနေသည့်အချိန်တွင် ဒေါ်နယ်ထရန့်အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးနှင့်သံခင်းတမန်ခင်းဖိအားများ ချည့်နဲ့လာမှုအခြေအနေအောက်၌ မြောက်ကိုရီးယားနိုင်ငံနှင့် ရင်ဆိုင်သွားရတော့မည်ဖြစ်သည်။ ထို့ကြောင့် မြောက်ကိုရီးယားနှင့်ပြုလုပ်သွားမည့် အနာဂတ်ဆွေးနွေးပွဲများသည် ဒေါ်နယ်ထရန့်၏ ပထမသက်တမ်းကာလထက် ပိုမို၍အကျပ်အတည်းကြုံတွေ့ရနိုင်ပေသည်။ ဆိုရလျှင် လက်ရှိအချိန်တွင် မြောက်ကိုရီးယားသည် လိုက်လျောဆောင်ရွက်မှုများကို ကန့်သတ်နိုင်သည့်အရည်အသွေးများ ပိုင်ဆိုင်လာပြီဖြစ်သောကြောင့်ပင်ဖြစ်သည်။

**❖တရုတ်နှင့် ရုရှားနိုင်ငံတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို ဆက်လက်ပံ့ပိုးကူညီသွားလိုသည့်ဆန္ဒ ရှိနေသည့်အချိန်တွင် ဒေါ်နယ်ထရန့်အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးနှင့် သံခင်းတမန်ခင်း ဖိအားများချည့်နဲ့လာမှုအခြေအနေအောက်၌ မြောက်ကိုရီးယားနိုင်ငံနှင့် ရင်ဆိုင်သွားရတော့မည်ဖြစ်သည်။ ထို့ကြောင့် မြောက်ကိုရီးယားနှင့်ပြုလုပ်သွားမည့် အနာဂတ်ဆွေးနွေးပွဲများသည် ဒေါ်နယ်ထရန့်၏ ပထမသက်တမ်းကာလထက် ပိုမို၍အကျပ်အတည်းကြုံတွေ့ရနိုင်ပေသည်။ ❖**

**ကိုးကား**

**- Talks With North Korea Will be Troublesome for Trump By The Diplomat.**

# ပုဂံမြို့နှင့် သရပါတံခါး

မြမန္တူလေ(ကျုံမငေး)

ပုဂံသည် ပြည်တွင်း၊ ပြည်ပခရီးသွား ဘုရားဖူးများ လာရောက်လည်ပတ်နေကြသည့် မြို့ကြီးဟုဆိုလျှင် မှားမည်မထင်။ "မြန်မာမှန်လျှင် ပုဂံရောက်ဖူးရမည်"ဆိုသောစကားနှင့်အညီ မရောက်ဖူးသည်မရှိအောင် လာရောက်ကြသည်။

ပုဂံမြို့သည် များလှစွာသော ဘုရားစေတီများ တည်ရှိကိန်းဝပ်နေသောကြောင့် သီရိကျက်သရေနှင့် ပြည့်စုံနေသည်။ "လှည်းဝင်ရိုးသံတည်ည် ပုဂံဘုရားပေါင်း"ဆိုပြီး ဘုရားစေတီအဆူများကို ရေတွက်ကောက်ယူကြသောအခါ နယ်မြေအကျယ်အဝန်းအတွင်း မဖြစ်နိုင်သောဘုရားစေတီအရေအတွက်ဖြစ်နေသောကြောင့် ဖြစ်သင့်သောကောက်ယူမှုမှာ "လှည်းဝင် ရိုးသံ"သာဖြစ်၍ ဘုရားအဆူပေါင်း ၄၄၄၆ ဆူဆိုပြီး အဖြေရမည်ဖြစ်၏။

အင်းဝခေတ် မိုးညှင်းမင်းလက်ထက်အခါက "ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း"ဆိုသောတဘောင်အဆိုအရ ၄၄၇၄ ဆူဟု ကောက်ယူခဲ့ကြ၏။ ကုန်းဘောင်ခေတ်အခါကဟုဆိုရမည့်အချိန်က ပေါ်ထွန်းခဲ့သော "မြတ်ဘုရားဆူရေ၊ ဖြူရွှေလိုဝင်း၊ ပုဂံပြည်ဘယ်တိုင်းဘယ်ဌာနီနှင့် စံမမှီလွန်ထင်ရှား၊ စောမုနိများ"ဟူသော တဘောင်ကိုကြည့်ပြီး "ဖြူရွှေလိုဝင်း" ကို နောက်မှပြန်ကောက်ရာ ၄၄၄၅ ဆူဟုဆိုရမည်ဖြစ်၏။ သို့သော် ၁၉၆၈ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘည်းကျောက်စာဌာန၏ စိစစ်ရေတွက်မှုအရ ၂၂၇၁ ဆူရှိသည်ဟုမှတ်တမ်းပြုကာ ထိုအရေအတွက်ကို တဘောင်စကားလင်္ကာပြုခဲ့သည်မှာ "ကျောင်းကြီးအုတ်နီ၊ ကိန်းနှင့်ညီ၊ စေတီဂူဘုရား"ဟု မှတ်တမ်းပြုခဲ့သည်။

ရှေးမြန်မာမင်းများလက်ထက်အခါက တည်ထားကိုးကွယ်ခဲ့သော သာသနိကအဆောက်အအုံများ၊ ဘုရား၊ စေတီများ၊ ကျောင်း၊ ဇရပ်များသည် အံ့ဖွယ်ဖြစ်ခဲ့ရပြီး ကျောက်စာများကိုလေ့လာမိလျှင်လည်း အလွန်ကြည်ညိုစရာဖြစ်ခဲ့ရ၏။ ပုဂံမြို့ကြီးသည် တစ်ချိန်သောအခါက တမာ၊ မန်ကျည်း၊ ဆူးရစ်၊ ထနောင်း ရာသီပန်းများနှင့် ဆည်မြောင်းကန်ချောင်းများကို အကြောင်းပြုစိုက်ပျိုးထားသော လယ်ယာမြေစိမ်းစိမ်းမြမြတွင် ဖူးမြော်မဆုံးဘုရားစေတီများနှင့်ပါ မြင်တွေ့ကြရမည်ဖြစ်သည်။

ပုဂံသည် ညောင်ဦးကျေးရွာအပါအဝင် ရွာပေါင်း ၁၉ ရွာကို စုစည်းကာတည်ခဲ့ခြင်းဖြစ်သည်ဟု ရှေးမှတ်တမ်းများတွင် တွေ့ရသည်။ အခြားသော မှတ်သားမှုများတွင် ပုဂံသည် ပုဂံမင်းနေပြည်တော်အဖြစ် လေးကြိမ်တိုင်တိုင်တည်ခဲ့ကြပြီး ယနေ့ပုဂံမြို့သည် စတုတ္ထပုဂံကို ပျဉ်ပြားမင်းက သက္ကရာဇ် ၈၃၉ ခုနှစ်တွင် တည်ခဲ့သော မြို့တော်ကြီးဖြစ်သည်။

ပုဂံဟူသည့်ဝေါဟာရမှာ ပုဂါမ၊ ပျူဂါမမှ လာသောစကားဖြစ်၏။ တစ်နည်းအားဖြင့် ပုဂံကို ပျူရွာဟု ဆိုခြင်းဖြစ်သည်။ ရှေးဟောင်းကျောက်စာ၊ မင်စာနှင့် ကလျာဏီကျောက်စာတွင် "ပုဂါမဥဂ"ဟု ရေးထိုးထား၏။ ရွှေစည်းခုံသမိုင်းလင်္ကာတွင် တွေ့ရသည်မှာ ပေါက်ပင်နှင့်ကန်ရှိသောကြောင့် ပေါက္ကံခေါ်တွင်ဟု ရေးထိုးထား၏၊ ထို့ပြင် ပုဂံသည် တစ်ချိန်သောအခါက "ပေါက္ကာရာမ၊ အရိမဒ္ဒနာ၊ ပုဏ္ဏာဂါမ၊ တမ္ပဝတီ၊ သီရိပစ္စယာ၊ သမ္ပူဏ္ဏာဂါမ၊ ပဏ္ဏုပလာသ၊ နဂရုတ္တမ၊ ပရမပုရ၊ သမာဓိနဂရ၊ တမ္ပဒေသ၊ ဝေလုကာရာမ၊ ပုဂံဟူ၍ အမည် ၁၃ မျိုးလည်း ရှိခဲ့ဖူး၏။ ထိုအချိန်က ပုဂံသည် ပျူများနေထိုင်ရာ ပျူရွာ၊ ပျူမင်းအုပ်ချုပ်သောပြည်ဖြစ်ခဲ့ပြီး မဇ္ဈိမဒေသကျောက်စာတွင် ပုဂံပြည်ကို "ပျူတသိန်းမင်း" အုပ်ချုပ်ခဲ့၏ဟု ရေးထိုးထားသည်။

ရာဇဝင်ကျော်ကျမ်းတွင် ရှင်သီလဝံသထေရ်က ဘုရားရှင်လွန်ခဲ့ပြီး နှစ် ၇၀၀ အခါတွင် အရိမဒ္ဒနာမည်သော "ပုဂံပြည်"ဟုရှိခဲ့ပြီး နှစ်ပေါင်း ၁၁၂၈ နှစ်တိုင် အသက်ရှည်သော ပြည်ကြီးဖြစ်ခဲ့၏ဟု ရေးထိုးထား၏။

ရာဇဝံသဗာလိနီကျမ်းတွင် ယုန်လွှတ်ကျွန်းအရပ်၌ ရပ်တန့်၍ သူကြီးပေါင်း ၁၉ ဦး၊ မြို့ပေါင်း ၇၈ မြို့၊ ကျေးရွာပေါင်းတစ်ထောင်ကျော်ရှိခဲ့ပြီး မြို့ရိုး၊ ကျုံး၊ မြောင်းမရှိသေးဟု ရေးထိုးထား၏။

အချို့သော ရာဇဝင်များတွင် ဖော်ပြထားသည်မှာ ပုဂံရွှေပြည်ကြီးအစဖြစ်သောအခါက သမုတိရာဇ်မင်း ပထမတည်ထောင်သော ယုန်လွှတ်ကျွန်း ပေါက္ကံ (နောက်ပိုင်း အရိမဒ္ဒနာ)၊ သေဥ်လည်ကြောင်မင်းလက်ထက်တည်သော တမ္ပဝတီ၊ ပျဉ်ပြားမင်း လက်ထက် တမ္ပဝတီမြို့ကြီးတွင် သုံးနှစ်နန်းစံခဲ့၏။



ပုဂံမြို့ဟောင်းရှိ သရပါတံခါးကို တွေ့ရစဉ်။

ပုဂံရွှေပြည်ကြီး၏ ထူးခြားမှုများမှာ အနောက်မြောက်ထောင့် တာတစ်ထောင်ကွာ မြစ်ဆိပ်ကမ်းရှိ နဂါးဆိုင်ရွာတွင် အုတ်သားမြို့ရိုး ကျုံးသုံးတန်ဝန်းရံလျက်ရှိကာ တံခါး ၁၂ ပေါက်နှင့် အစောင့်နတ်များပါထားလျက် ပုဂံမြို့ကြီးကို တည်ထောင်ခဲ့သည်ဆိုသော မှတ်တမ်းရှိခဲ့ဖူးသည်။ မြို့တစ်မြို့မှာ မြို့တံခါး ၁၂ ပေါက်ရှိခြင်းသည် အလွန်ဆန်းကျယ်နေပြီး အတော်ကျယ်သောမြို့ကြီးမို့ တံခါးတွေများနေသလားဆိုသော အတွေးလည်းဖြစ်ခဲ့ရ၏။

ပုဂံမြို့ကို တည်ထောင်ကြသူများသည် သရေခေတ္တရာကို အတုယူပြီး တည်ဆောက်ထားဟန်လည်းဖြစ်နိုင်၏။ ထိုစဉ်အခါက သရေခေတ္တရာ မြို့တံခါး ၁၂ ပေါက်ရှိခဲ့ပြီး မင်းတုန်းမင်းကြီးတည် မန္တလေးရတနာပုံမြို့တော်ကြီးတွင်လည်း တံခါး ၁၂ ပေါက်ရှိခဲ့သည်။ ရှေးမြန်မာမင်းများသည် မိမိတို့ မြို့တော် အရှည်တည်နိုင်ရေးအတွက် အောင်နိမိတ်များယူနိုင်ရန် ရဟန်းပညာရှိ၊ လူပညာရှိများနှင့် တိုင်ပင်ပြီး မင်္ဂလာအောင်နိမိတ်များယူကာ မြို့တည်နန်းတည်မှုများကို ပြုခဲ့ကြသည်ဟုလည်း လေ့လာမိခဲ့သည်။

ပျဉ်ပြားမင်းတည်ခဲ့သော ပုဂံမြို့ကြီးတွင် မြို့တံခါး ၁၂ ပေါက်ရှိခဲ့သည်ဟုဆိုသော်လည်း ယနေ့ တွေ့မြင်ရသည်မှာ တံခါးတစ်ပေါက်တည်းသာဖြစ်ပြီး ပုဂံမြို့ကြီး၏ အရှေ့မျက်နှာ အလယ်ဗဟိုတံခါးပေါက်ဟုခေါ်နိုင်ရုံသာ တွေ့ရသည်။ တံခါးကြီးအမည်က "သရပါ"ဟုခေါ်၏။ ပုဂံသမိုင်းအတွက် ခိုင်ခံ့ထည်ဝါသော ပုံရိပ်တစ်ခုအဖြစ်သာ ကျန်နေသည့် "သရပါ"တံခါးကြီးသည် ရှေးအခါက မည်မျှပင် ဝင့်ထည်လေမလဲဟူသောအတွေးဖြစ်ခဲ့ရသည်။

ပုဂံမြို့ကြီးအရှည်တည်တံ့ပါစေဟူသော မျိုးချစ်စိတ်၊ ပြည်ချစ်စိတ် စေတနာများနှင့် မြို့အကာအဆီး တံခါးကြီး ၁၂ ပေါက်ကို တံခါးဖြစ်ပြီးရောဆိုပြီး တည်ခဲ့ကြခြင်းမဟုတ်ဘဲ တံခါးအမည်ပေးခြင်းများကိုပင် အထူးဂရုပြုခဲ့သော ရှေးမင်းများ၏ စိတ်ကူးအကြံသည် ခံ့ထည်မြင့်မြတ်လှသည်။ "သရပါ"ဟု ခေါ်သော သဗ္ဗရန်ကာအမည်ကို အနက်ဆောင်ကြည့်လျှင် ရန်အပေါင်းကို ကာကွယ်တားဆီးနိုင်ခြင်းဟူသော အဓိပ္ပာယ်ဖြင့် အမည်သညာမှည့်ခေါ်ခဲ့ခြင်းဖြစ်၏။ ထို့မျှမက ထိန်းသိမ်းစောင့်ရှောက်ရန် လူပုဂ္ဂိုလ်များ၊ နတ်ပုဂ္ဂိုလ်များကိုပါ တာဝန်ပေးခဲ့သည်မှာ ကြီးစွာသောအကြံပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

တံခါးကြီးများ၏ အစောင့်အရှောက်အဖြစ် နတ်ကြီးများကို တာဝန်ပေးခဲ့ရာ၌ အထိမ်းအမှတ် နတ်ကွန်းအုတ်ဂူများ ဆောက်လုပ်နေရာပေးထား၏။ မြို့ရိုးလေးမျက်နှာတွင် ရာထူးကြီးစဉ်ငယ်လိုက် တာဝန်ပေးစောင့်ရှောက်စေခဲ့သည်ကို လေ့လာလိုက်သောအခါ အရှေ့မျက်နှာစာတွင် မင်းသား-ရဲကသူ၊ ပြည်စိုး-ဇေယျပင်၊ စာချီ-နန္ဒသူ၊ ခိုးကဲ-သခံရာဇာနှင့် အမတ်လေးဦး၊ မြောက်မျက်နှာစာတွင် မင်းသား-စည်သူ၊ ပြည်စိုး-သရေနန္ဒသူ၊ စာချီ- နရသီဟသင်္ကြံ၊ ခိုးကဲ-သိမ်ပစ္စည်းနှင့်အမတ်လေးဦး၊ အနောက်မျက်နှာစာတွင် မင်းသား-ပျံချီ၊ ပြည်စိုး-နရသင်းထူး၊ စာချီ-မဟာသမန်၊ ခိုးကဲ-မနော်ရာဇာနှင့် အမတ်လေးဦး၊ တောင်မျက်နှာစာတွင် မင်းသား-သောက်ရှူးကာ၊ ပြည်စိုး-မင်းယဉ်၊ စာချီ-နာဂဝမ္မနာ၊ ခိုးကဲ-မနေသိဥ္စည်းနှင့်အမတ်လေးဦးသည် သားစဉ်မြေးဆက်တာဝန်ယူကြရပြီး မည်သည့်အမှုကိစ္စမဆို စီရင်ပိုင်ခွင့်ရှိခဲ့ကြသည်ကို တွေ့ရသည်။

တံခါးစောင့်နတ်မင်းကြီးများကို လေ့လာလိုက်သောအခါ အရှေ့မျက်နှာစာရှိ တံခါးသုံးပေါက်တွင် သရဖေတံခါး ရွှေပသင်နတ်၊ သရပါတံခါး နတ်မောင်နှမ၊ သရဝတ်တံခါး ဖက်မသင်နတ်၊ အနောက်မျက်နှာစာရှိ တံခါးသုံးပေါက်တွင် မကြည်သာတံခါး မြင်းဖြူရှင်နတ်၊ မင်္ဂလာတံဆိပ်တံခါး ဝိဂူဠနတ်၊ သာစည်တံခါး ဇမ္ဗူတာမတ်နတ်၊ တောင်မျက်နှာစာရှိ တံခါးသုံးပေါက်တွင် ကလေးတံခါး ငါးဆွဲသင်နတ်၊ မတောင့်တတံခါး ဝိရူပက္ခနတ်၊ ဝင်းမနားတံခါး ငနွယ်သင်နတ်၊ မြောက်မျက်နှာစာရှိ တံခါးသုံးပေါက်တွင် ညောင်ဖြူပင်တံခါး ဇမ္ဗူရုက္ခနတ်၊ ငါးမြီးခတ်တံခါး ကုဝေရနတ်၊ သာတန်းတံခါး ဇမ္ဗူတန်ဆောင်နတ်တို့ဖြစ်သည်ကို တွေ့ရသည်။

ပုဂံမြို့၏ ၃၉ ဆက်မြောက် ပျဉ်ပြားမင်းကြီး၏ မြို့အပေါ်စောင့်ရှောက်မှုသည် အလွန်နက်ရှိုင်းလှ၏။ ထိုအချိန်သည် ပုဂံမြို့ကို စတုတ္ထအကြိမ်ပြန်တည်ခဲ့ခြင်းဖြစ်သည်ဟု ရှေးစာပေများတွင် ရေးသားထားသည်။

ဧရာဝတီမြစ်ကမ်းနှင့်နီးစပ်သော ပုဂံမြို့ကြီးသည် မြစ်ရေတိုက်စားမှုကို ခံရမြဲဖြစ်၍ အနောက်ဘက်မြို့ရိုး၊ မြောက်ဘက်မြို့ရိုးတို့ ပျက်စီးခဲ့ရာ နောက်ပိုင်းတွင် အရှေ့မြို့ရိုးတွင် သရပါတံခါးသာ ကျန်ခဲ့၏။

အမည်သညာမှည့်ခေါ်ခဲ့မှုမှာ ကောင်းသည့်နိမိတ်ဆောင်သော "သရပါ"ဟူသောအမည်မှာ "သရပါကာရ"ဟူသောပါဠိစကားမှ ဆင်းသက်လာ၍ အဓိပ္ပာယ်မှာ "မြားကိုဆီးကာသောတံခါး"ဟု အနက်ပြန်ဆိုကြ၏။ ထိုတံခါးသည် ထုထည်ကြီးမားစွာဖြင့် တည်ခဲ့သော်လည်း ယခုအခါ အလွန်အိုဟောင်းယိုယွင်းနေ၏။ ရှေးအခါကပင်ရှိခဲ့သော အပြင်နံရံအထက်ပိုင်းပတ်လည်တွင် ဘီလူးပန်းဆွဲနှင့် ပုလဲကုံးလက်ရာများကို မြင်တွေ့နေရသေး၏။

တံခါးကြီး၏ တစ်ဖက်တစ်ချက်တွင် မဟာဂီရိ(တောင်ကြီးရှင်)နတ်မောင်နှမနတ်ကွန်းလည်း ရှိပေရာ တံခါး၏လက်ဝဲဘက်တွင် မောင်တော်နတ်ရုပ်ရှိ၍ လက်ယာဘက်တွင် နှမတော်နတ်ရုပ်ရှိ၏။ ထို့ကြောင့် သရပါတံခါးကြီးတည်စမှစ၍ အဆိုပါနတ်မောင်နှမသည် ယနေ့တိုင်စောင့်ရှောက်နေသည်ဟူသောသဘောနှင့် ဒေသခံများက ရိုသေစွာပူဇော်ကြ၏။ ပုဂံမြို့သို့ ဘုရားဖူးလာသူများလည်း နတ်ကွန်းသို့ဝင်၍ ဆုတောင်းမှုများပြုသည်ကိုလည်း တွေ့ရသည်။

တစ်ချိန်က ပုဂံမြို့ကြီးသည် စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး၊ သာသနာရေး အလွန်ကောင်းမွန်ခဲ့သောမြို့ကြီးဖြစ်ခဲ့၍သာ မြို့ရွာအုပ်ချုပ်မင်းလုပ်သူသည် မြို့ကြီးကို အရံအတားဖြစ်စေရန် သရပါကဲ့သို့သော ခိုင်ခံ့သည့်တံခါးကြီးများနှင့် လူပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်များကိုအပ်နှံကာ စောင့်ရှောက်စေခဲ့ခြင်းပင် ဖြစ်ပေမည်။

ပုဂံသူ၊ ပုဂံသားတို့သည်လည်း အလှူဒါနရက်ရောကြပေ၏။ မိမိတို့ အလှူပြုတည်ထားသော ဘုရားစေတီ၊ ဂူ၊ ကျောင်းများတွင် ပန်းချီ၊ ပန်းပု၊ ပန်းပဲ၊ ပန်းရန်၊ ပန်းတော့၊ ပန်းတမော့ လက်ရာအမွမ်းအပြောက်များကိုပါ ဆေးရောင်ခြယ်ထုဆစ်ခဲ့ကြ၏။ ပုဂံမြို့မှစေတီများတွင် နံရံဆေးရေးရုပ်လုံးလုပ်ကွက်များကို တွေ့နေရသေးသော်လည်း အိုဟောင်းကာ ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်ကြောင့် တချို့လည်းပျက်စီးခဲ့ပြီဖြစ်၏။

ပုဂံမြို့ကြီးတိမ်ကောလာချိန်တွင် ပင်းယဆင်ဖြူငါးစီးရှင်မယ်တော်၏ ပုဂံကျောင်းကျောက်စာ၌ ပုဂံပြည်ကြီးကို ပါဠိဘာသာဖြင့် ချီးပခဲ့၏။ ထိုစာ မြန်မာပြန်အကျဉ်းချုပ်မှာ-

"ပြည်တကာတို့ထက်မြတ်သော၊ နှလုံးမွေ့လျော်ဖွယ်ရှိသော အကြင်ပြည်သည်ရှိ၏။ ထိုပြည်သည် ဝတ္ထုကာမတို့နှင့် ပြည့်စုံသည်ဖြစ်၍ "ပုဏ္ဏာဂါမ" (ပုဂံ)ဟူ၍လည်း ထင်ရှားကျော်စော၏။ ထိုမှတစ်ပါး ရန်သူတို့ကို ချေမှုန်းလေ့ရှိသော၊ ရဲရင့်စွမ်းပကားရှိသောသူတို့၏ နေရာဌာနဖြစ်ခြင်းကြောင့် "အရိမဋ္ဌန"(အရိမဒ္ဒန)ဟူ၍လည်း ထင်ရှားကျော်စော၏။ ၎င်းမှာ ရန်သူတို့ကိုချေမှုန်းရာ အရိမဒ္ဒနပြည်ကြီးတည်း"ဖြစ်သည်။

ထိုပြည်ကြီးကား သင်္ခါရသဘောဖြင့် ရွေ့လျောခဲ့ရပြီဖြစ်၏။ ကျန်နေသည်မှာ ဘုရားအို၊ စေတီအို၊ လိုဏ်ဂူအိုတို့သာတည်း။ သို့သော် ယနေ့ပုဂံမြို့ကြီးကား ဘုရားစေတီ၊ ဂူ၊ ကျောင်းများ၊ ဆည်းလည်းသံများဖြင့် စည်ကားနေသည်။ "သရပါ"တံခါးအိုကြီးကနေ အဝင်အထွက်ပြု၍ ပုဂံမြေမှာ ပြည်တွင်းဘုရားဖူးသူများသာမက နိုင်ငံရပ်ခြား၊ လူမျိုးခြား၊ ဘာသာခြားများလည်း လာရောက်လေ့လာလည်ပတ်နိုင်ကြောင်း ရေးသားလိုက်ရပေသည်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် နေကြာ ၄၄၃၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၇၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း နေကြာဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို မိုးရာသီမှာထက် ဆောင်းရာသီမှာ ပိုမိုစိုက်ပျိုးပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးသည့်တောင်သူများကို စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများ အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် နေကြာစိုက်ပျိုးသည့် တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် ကုန်းခြံ(အောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ညောင်ရွှေ ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကုန်းခြံ(အောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်းခြံ(အောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကုန်းခြံ (အောက်) ကျေးရွာ၌ လမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၃ ဒသမ ၈၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**












## အမည်ပြောင်း

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ မေမြို့ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-1၊ ခွာညိုခန်းတွင် ပညာသင်ကြားနေသော ဦးသက်ပိုင်စိုး၏သား မောင်မျိုးဆက်ပိုင်အား မောင်မင်းဘုန်းချမ်းမြေ့ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းဘုန်းချမ်းမြေ့**

## ပျောက်ဆုံးကြောင်း

ပန်စရာရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းနေ မောင်ဝေယံလင်း (ဘ) ဦးခင်မောင်ထွေး(၆/ကစန(နိုင်)၁၁၈၈၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME282953)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၃၅၆၃၉၉၈

## ပျောက်ဆုံးကြောင်း

ပန်စရာရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းနေ မောင်မျိုးအာကာဦး (ဘ)ဦးသန်းမြင့် (၆/မမန(နိုင်)၂၂၄၆၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-811826)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၃၁၂၁၈၂၈

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝန်ထမ်းအလိုရှိသည်

၁။ ကွန်ပျူတာစာရင်းကိုင် မ (၁)ဦး

Excel ကျွမ်းကျင် + လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

၂။ ဆိုင်ကူ ကျား (၂)ဦး

လစာ + ရက်မှန်ကြေး + Bonus + နှစ်ပြည့် Bouns ခံစားခွင့်ရှိပါသည်။ လိုအပ်သော စာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**Kedia Lights လျှပ်စစ်**

**အမှတ်(၂၈၃) ၈၁ လမ်း(၂၆x၂၇) မန္တလေးမြို့။**

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ အ.ထ.က အုန်းချော၊ Grade-11 မှ မစုပြည့်ပြည့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းတိုး ဖြစ်ပါကြောင်း။

**ဦးမင်းမင်းတိုး**

**(၉/စကန(နိုင်)၀၆၃၇၃၀)**

## ပျောက်ဆုံးကြောင်း

ကန်ခေါင်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းနေ မောင်တင်အောင် (ဘ)ဦးအောင်သင်(၆/မမန(နိုင်)၂၃၅၉၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC925213)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၆၂၂၂၀၉

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာလည်းဖတ်သည့် သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...**

❖ **လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...**

❖ **စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်




၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။




၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများ၌ ယှဉ်ပြိုင်ကစားကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော U.N. INC-5 အစည်းအဝေးတွင် ပလတ်စတစ်သုံးစွဲမှုရပ်ဆိုင်းရေးနှင့် ပတ်သက်၍ သဘောတူညီမှုမရခဲ့** စာမျက်နှာ- ၂၃

**တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ** စာမျက်နှာ- ၂၂

**ပုဂံမြို့နှင့် သရပါတံခါး** ဆောင်းပါး စာမျက်နှာ- ၂၉

